အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၃၆)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့်အညီလက်တွေ့အကောင်အထည်ဖော် ပြည်သူများ၏လိုအပ်ချက်များကိုဖြည့်ဆည်း၊ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကိုရယူ ကျေးလက်ပြည်သူများလုပ်ချင်ကိုင်ချင်စိတ်ရှိလာရန် တာဝန်ရှိသူများစံနမူနာပြလုပ်ကိုင် နိုင်ငံတော်၏စေတနာကိုတုံ့ပြန်၊ နိုင်ငံတော်အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်

ရန်ကုန် မေ ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ် နမ့်စန်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်း၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ကျိုင်းတောင်းရေတံခွန်ကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မေ ၂၄ ရက်က ကျိုင်းတောင်းရေအားလျှပ်စစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်တွင် နမ့်တိန်ချောင်းရေစီးဆင်းမှုနှင့် ကျိုင်းတောင်းရေတံခွန်မှ ရေကျဆင်းနေမှုကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ လုပ်ငန်းအစီအစဉ်များအကြံပြုဆွေးနွေး၊ လိုအပ်ချက်များညှိနှိုင်းဖြည့်ဆည်း



ရန်ကုန် မေ ၂၅

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ (၃/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မေလ ၂၆ ရက်)

သုံးပွင့်ဆိုင်ဒေသဆက်သွယ်ရေး ပန်းမွန်ချောင်းကူးတံတားဖွင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ခင်ရင်းနှီးမှုပိုမိုလာ

ဧရာဝတီနှင့်ချင်းတွင်းမြစ်တို့၏ အနောက်ဘက်ကမ်းတွင်ရှိသည့် မကွေးတိုင်း ဂန့်ဂေါဒေသနှင့် စစ်ကိုင်းတိုင်း ကလေးဒေသများသည် ခေတ်အဆက်ဆက်တွင် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်အတွက် စီးပွားရေး၊ လူမှုရေးတို့တွင် တိုးတက်မှုအားနည်းခဲ့ရသော ဒေသများဖြစ်သည်။

ထို့ကြောင့် တပ်မတော်အစိုးရ လက်ထက်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဂန့်ဂေါမြို့ကို ဗဟိုပြုပြီး ချင်းပြည်နယ်(မြောက်ပိုင်း)နှင့် ကလေးဒေသများကို မကွေးတိုင်း၊စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့နှင့် လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ရန် ကလေး-ဂန့်ဂေါ ရထားလမ်း၊ ကလေး- ဂန့်ဂေါကားလမ်း၊ ဂန့်ဂေါ-ဟားခါးကားလမ်းတို့ကို ဖောက်လုပ်ပေးခဲ့သကဲ့သို့ မြစ်သာမြစ်ကူး တံတား၊ ကမ္ဘာ့နီတံတားစသည့် လိုအပ်သောတံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်း ကလေးမြို့နယ် နတ်ချောင်းကျေးရွာအနီး ကလေး-ဂန့်ဂေါကားလမ်းပေါ်၌ ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၁၁)က တာဝန်ယူတည်ဆောက်ခဲ့သော အရှည်ပေ ၂၂၀ ရှိ ပန်းမွန်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို မေလ ၂၃ရက်နေ့ နံနက်ပိုင်းက အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး မှတ်တမ်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင်နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ **ယခု ဂန့်ဂေါ-ကလေးလမ်းပိုင်းပေါ်ရှိ ပန်းမွန်ချောင်းကို ဖြတ်ပြီး တံတားတည်ဆောက်ပေးလိုက်သည့်အတွက် မကွေးတိုင်း ဂန့်ဂေါမှ စစ်ကိုင်းတိုင်း ကလေးမြို့သို့လည်းကောင်း၊ ကလေးမြို့ကိုဖြတ်ပြီး ချင်းပြည်နယ်အတွင်းသို့ လည်းကောင်း ယခင်ကထက် အချိန်တိုတောင်းစွာ တောက်လျှောက်သွားနိုင်ပြီဖြစ်ကြောင်း၊ ပန်းမွန်ချောင်းကူးတံတားကြောင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့၏ လွယ်ကူလျင်မြန်သည့် သုံးပွင့်ဆိုင်ဒေသ ဆက်သွယ်ရေးလမ်းကြောင်း ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း** ပြောကြားသွားသည်။

ယခင်က မိုးရာသီကာလများတွင် ပန်းမွန်ချောင်းရေကျနေပါက ဒေသခံပြည်သူများသည် ချောင်းရေကို စောင့်ဆိုင်းနေခဲ့ကြရသည်။ တစ်ခါတစ်ရံ တစ်ညအိပ်နှစ်ညအိပ် စောင့်ဆိုင်းရသည့်အတွက် အချိန်များစွာ ကုန်ပြီး လမ်းခရီးဖင့်နှေးခဲ့ရသည်။ ယခု ချောင်းဖြတ်တံတားတည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ဂန့်ဂေါ-ကလေးလမ်းသည် ယခင်ကကဲ့သို့ ချောင်းရေကျချိန်ကို စောင့်ဆိုင်းမနေရတော့ဘဲ တောက်လျှောက် သွားလာနိုင်တော့မည်ဖြစ်သည်။

ထို့ကြောင့် ချင်းပြည်နယ်အတွက်ရော ကလေးဒေသအတွက်ပါ ဒေသထွက်ကုန်ပစ္စည်းများ၊သဘာဝ သယံဇာတများ၊ သစ်တောထွက်ကုန်ပစ္စည်းများသည် အခြားပြည်နယ်၊ တိုင်းများသို့ အချိန်တိုတိုနှင့်လွယ်လင့် တကူ သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

ထို့အတူပင် မကွေးတိုင်း၏ အညာဒေသထွက်ကုန်များသည် ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ် ဒေသအသီးသီးနှင့် စစ်ကိုင်းတိုင်း အနောက်ဘက်ခြမ်းဒေသများကို အပြန်အလှန် ကူးသန်းရောင်းဝယ် နိုင်တော့မည်ဖြစ်သည်။

ဒေသအတွင်းနေ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ သည်လည်း လမ်းပန်းဆက်သွယ်မှုကောင်းလာသည်နှင့်အမျှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဒေသ အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်ရင်းနှီးမှုပိုမိုလာပြီး တစ်ဦး၏ ယဉ်ကျေးမှုဓလေ့ထုံးစံကို တစ်ဦးက ထိတွေ့ခံစားကြရင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာလာစေမည် ဖြစ်သည်။

နိုင်ငံတော်က ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပေ ၁၈၀ နှင့်အထက် မြစ်ကူး၊ချောင်းကူးတံတားကြီးများ တည်ဆောက်ပေးခဲ့ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အစင်း ၁၇၀၊ မြန်မာ့မီးရထားက ခြောက်စင်း၊ တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့က ခုနစ်စင်း စုစုပေါင်း ၁၈၃စင်း အောင်အောင်မြင်မြင် တည်ဆောက် ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ် သုံးပွင့်ဆိုင်ဒေသ ဆက်သွယ်ရေးလမ်းကြောင်း ပေါ်ထွန်းလာသည့် ပန်းမွန်ချောင်းကူးတံတားဖွင့်လှစ်နိုင်မှုကြောင့် ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ချစ်ခင်ရင်းနှီးမှုပိုမိုလာပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ လာစေကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၆-၅-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင်
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Econmic Activities (အိမ်တွင်းစီးပွား၊ ဥပဒေ)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ"**(အပိုင်း-၅)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားဓားသမား"**(အပိုင်း-၄)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်းစိန်မြို့နယ်နေ သမီး ဒေါ်အေးအေးစိုး (DEPT)၊ ဦးအုန်းသန်း-ဒေါ်လှလှစိုး (ရတနာပုံစိန်ရွှေရတနာဆိုင်)၊ မြေး မသန်းသဇင်စိုး(လှိုင်-၁)၊ မမေဇာနည်စိုး မိသားစုက ကွယ်လွန်သူ ကျေးဇူးရှင် မိခင်ကြီး ဒေါ်စန်းရီအား ရည်စူး၍ လှိုင်သာယာ သီရိမင်္ဂလာအုန်းတောကျောင်းတိုက်အတွင်း၌ စန်းရီနှစ်ထပ် ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်ရန်အတွက် မေ ၁၁ ရက်တွင် မတည်အလှူတော်ငွေကျပ် ၁၀သိန်းကို ဆရာတော်ဦးပညာဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရေကြောင်းရဲညွှန့်လောင်း သင်တန်းသားများ ရန်ကုန်မြို့တွင်းလေ့လာ

ရန်ကုန် မေ ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်းရဲညွှန့်လောင်းသင်တန်း (ရန်ကုန်စခန်း)၏ အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၄)နှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၀၄)တို့မှ သင်တန်းသား၇၀ တို့သည် သင်တန်းတာဝန်ခံ ဗိုလ်မှူးသိန်းထွန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၂ ရက်တွင် စစ်ရေယာဉ်ဖြင့် ရန်ကုန်မြစ်ကြောင်းအတွင်း လှည့်လည်လေ့လာကြပြီး ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် သန်လျင်မြို့နယ် ကျိုက်ခေါက်စေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရင်ပြင်တော်သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်၍ စေတီတော်အတွက် အလှူငွေကျပ် ၁၂၃၄၀ ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးနေ့မင်္ဂလာနှင့် သိက္ခာတော်ထပ်မင်္ဂလာ

ရန်ကုန် မေ ၂၅

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ သာမဏေကျော်၊ ဓမ္မာစရိယ၊ ပဋ္ဌာနိကာယဝိဒူ၊ ဂန္ထဝါစကပဏ္ဍိတ (ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ) သာသနာပြု ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်၏ (၃၆)နှစ်မြောက် မွေးနေ့မင်္ဂလာနှင့် အင်းစိန်မြို့နယ်နေ အလှူရှင် ဦးစစ်သိန်း-ဒေါ်စန်းစန်း၊ ဦးအောင်ကြီး - ဒေါ်ခင်ဝင်းမာ တို့က ဆရာတော်၏ သိက္ခာတော်ထပ်အလှူ မင်္ဂလာကို မေ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရား တနင်္ဂနွေထောင့် ပေါက်တန်း ဒိတ်ကုန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး သိမ်ဝင်သံဃာ ၄၅ ပါးကို သိမ်ဆင်းလောင်းလှူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စာကြည့်တိုက်ဖွင့်လှစ်

မေ ၁၄ရက်က လမ်းမတော်မြို့နယ်အမှတ် (၁၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအလုပ်စခန်း

အောင်မိုးစံ

ဘယ်အစိုးရပင် ပြောင်းပြောင်း ပဒေသာပင်မြေက ချက်ချင်း ပေါက်မလာဘူးဆိုတာကို ကိုယ်ပိုင်အတွေ့အကြုံများ ရခဲ့ကြပြီးဖြစ်ပါတယ်။ ဒါကြောင့် တည်ဆဲတပ်မတော်အစိုးရဟာ လမ်းစဉ်ပါတီခေတ် ယိုယွင်းနေတဲ့ အခြေအနေတွေရယ်၊ ၁၉၈၈ခုနှစ် အရေးအခင်းကြီးကြောင့် မြောက်မြားစွာ ပျက်စီးမှုတို့ကို ပြန်လည်ထူထောင်လာခဲ့ရတာ ဖြစ်တယ်။ အခုလို ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်မယ်ဆိုရင် **စီးပွားရေးကုန်ထုတ်စွမ်းအားစုတွေ ခေတ်မီတိုးတက်ဖို့၊ လူနေမှုအဆင့်အတန်း မြင့်မားလာဖို့** အထူးပင် လိုအပ်ပါတယ်။ ဒါကြောင့် ဒီလူမှုသိပ္ပံတရားကို သဘောပေါက်နားလည်စွာခံယူထားတဲ့ တည်ဆဲတပ်မတော်အစိုးရဟာ နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး မနားမနေ ကြိုးပမ်းထူထောင်လာခဲ့ရတာ ဖြစ်ပါတယ်။

စားဝတ်နေရေး ဆင်းရဲကျပ်တည်းနေတဲ့ မိသားစုတစ်စုဟာ ဘယ်လိုမှ တည်ငြိမ်အေးချမ်းမှု မရှိနိုင်သလို စားဝတ်နေရေး ဖူလုံတဲ့မိသားစုဘဝကသာ တည်ငြိမ်အေးချမ်းတိုးတက်နိုင်မယ်ဆိုတဲ့ ဥပမာနဲ့ နားလည်နိုင်ပါတယ်။ ဒါကြောင့် ဒီကနေ့ တပ်မတော်အစိုးရအနေနဲ့ တိုင်းရင်းသားလူမျိုးအားလုံးအပေါ် နီးသည်ဝေးသည်မဟူ၊ ဆူကြဲနိမ့်မြင့်မရွေး မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေတာဖြစ်ပါတယ်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးများနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးတွေကို ဦးစားပေး ကြိုးပမ်းလုပ်ဆောင်နေတာလည်း ဖြစ်ပါတယ်။ ဒီအပေါ် အကြောင်းပြုပြီး နှစ်ရှည်ကြာစွာ အစိုးရအဆက်ဆက်ကို ဆန့်ကျင်လာခဲ့ကြတဲ့ ညီနောင်သားချင်း လူမျိုးစုတောတွင်း လက်နက်ကိုင် အဖွဲ့(၁၇) ဖွဲ့တို့နဲ့လည်း ပြန်လည်သင့်မြတ်စည်းလုံးလာခဲ့ပါတယ်။ ကျန်ရှိနေတဲ့ အဖွဲ့အစည်းများကိုလည်း သင့်မြတ်စည်းလုံးရေးအတွက် လက်ကမ်းကြိုးပမ်းဆဲပင် ဖြစ်ပါတယ်။

၁၉၆၂ခုနှစ် အခြေအနေများနဲ့ ဒီကနေ့ ၁၉၈၈ခုနှစ်နောက်ပိုင်း အခြေအနေတွေမှာ မလွဲမရှောင်သာ တပ်မတော်အစိုးရများ အုပ်ချုပ်လာခဲ့ရပေမယ့် အဆိုပါ တပ်မတော်အစိုးရများဟာ အရပ်ဘက်နိုင်ငံရေးအင်အားစုများနဲ့ လက်တွဲဆောင်ရွက်ဖို့ အကြိမ်ကြိမ်ကြိုးပမ်းခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့တဲ့အတွက် နိုင်ငံနဲ့လူမျိုး ခေတ်နောက်ကျ မဖွံ့ဖြိုးတာဘဲ အဖတ်တင် ကျန်ခဲ့ရပါတယ်။ အခုလို တပ်မတော်အစိုးရများ အရပ်ဘက်နိုင်ငံရေး အဖွဲ့အစည်းများနဲ့ စေ့စပ်ဆွေးနွေးမှုပျက်ပြားခဲ့ရတာတွေကို ဆန်းစစ်ကြည့်မယ်ဆိုရင် အရပ်ဘက်နိုင်ငံရေးခေါင်းဆောင်များက မိမိတို့ကိုင်ဆွဲထားတဲ့ မူဝါဒလမ်းစဉ်တွေကို လျှော့ပေါ့ခြင်းမရှိပဲ ကိုင်ဆွဲထားခဲ့ကြလို့ ဖြစ်တယ်ဆိုတဲ့ သမိုင်းသင်ခန်းစာတွေကို တွေ့ရပါတယ်။ ဥပမာပြရမယ်ဆိုရင် ပြီးခဲ့တဲ့တော်လှန်ရေးကောင်စီ အစိုးရခေတ်က အရပ်ဘက်နိုင်ငံရေးပါတီအသီးသီးက နိုင်ငံရေးခေါင်းဆောင်ပေါင်း ၃၃ ဦးကို ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ ဖွဲ့ပြီး ပြည်တွင်းညီညွတ်ရေးအတွက် အကြံဉာဏ်တောင်းခံပွဲမှာ ဝန်ကြီးချုပ်ဟောင်း ဦးနုက မိမိထံမှ သိမ်းယူသွားတဲ့အာဏာကို အရင်ပြန်အပ်ပါလို့ တောင်းဆိုလိုက်တဲ့အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ စခန်းသွားရမယ့်အစား ညီညွတ်ရေးတံခါး ပြန်ပိတ်သွားခဲ့ရတာ ရှိပါတယ်။

၁၉၈၈ခုနှစ်အရေးအခင်းတွင်လည်း ဒေါက်တာမောင်မောင်အစိုးရက ခြောက်လအတွင်း ပါတီစုံရွေးကောက်ပွဲ လုပ်ပေးပါမယ်လို့ စေ့စပ်ကမ်းလှမ်းခဲ့မှုအပေါ် အရပ်ဘက်နိုင်ငံရေးအင်အားစုများအနေနဲ့ အပြုသဘောတုံ့ပြန်ပူးပေါင်းသွားရမယ့်အစား ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးလမ်းကိုသာ ရွေးခဲ့ကြပါတယ်။ ဒီအပေါ်မှာ လေးနက်စွာ ဆင်ခြင်သိမြင်လာတဲ့ တည်ဆဲတပ်မတော်အစိုးရရဲ့ လူမျိုးစု တောတွင်းလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့တို့ ဥပဒေဘောင်တွင်းသို့ ဝင်ရောက်လက်တွဲလာနိုင်အောင် ကြိုးပမ်းနိုင်မှုဟာ ချီးကျူးဖွယ်ရာပင် ဖြစ်ပါတယ်။ ဒါတွေကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ထူထောင်ရေးလုပ်ငန်းတွေ အောင်မြင်တိုးတက်လာတဲ့အတွက် (အခြေခံကောင်းတွေရရှိလာတဲ့အတွက်) ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး ရှေ့လုပ်ငန်းစဉ် (၇)ရပ်(အလုပ်စခန်း ၇ ရပ်)ကို ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။ ဒီထုတ်ပြန်ကြေညာချက်မှာ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေး၊ အဆိုပါ ဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုရေး၊ ပေါ်ပေါက်လာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့အညီ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ကျင်းပပေးရေး၊ ရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်အကြီးအကဲများ အစိုးရအဖွဲ့နဲ့ အာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းပေးပြီး စည်းကမ်းပြည့်ဝသော ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးတို့ ပါဝင်ပါတယ်။ အစိုးရဟာ ဒါတွေကို သတင်းစာ၊ ရေဒီယို၊ TV တွေကတစ်ဆင့် အကြိမ်ကြိမ်ရှင်းလင်းတင်ပြနေတာ ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒါတွေဟာ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး အလုပ်စခန်းကို ရောက်ရှိလာလို့ဖြစ်ပါတယ်။ **တစ်နည်းအားဖြင့်ဆိုရရင် တပ်မတော်ခေါင်းဆောင်များဟာ ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရာတွင် တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ စုပေါင်းလို့လပြု ဆောင်ရွက်သွားရေးအတွက် အရပ်ဘက် အမျိုးသားနိုင်ငံရေးအင်အားစုများ၊ ပါတီအဖွဲ့အစည်းများသို့ တံခါးဖွင့်ကမ်းလှမ်းလိုက်တဲ့ သမိုင်းဝင် အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေး ခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။**

ဒါကြောင့် အခုလို အခါသမယမှာ အမျိုးသားနိုင်ငံရေးပါတီအဖွဲ့အစည်းများနဲ့ အမျိုးသားနိုင်ငံရေးအင်အားစုများအနေနဲ့ နိုင်ငံတော်ရှေ့ရေးနှင့် ဒီမိုကရေစီရေး ရှေးရှုပြီး မိမိတို့မူဝါဒလမ်းစဉ်တွေ၊ အစွဲအလမ်းဟောင်းတွေအပေါ် တရားသေဆုပ်ကိုင်မထားကြဘဲ နည်းလမ်းသစ်များနဲ့ ပြောင်းလဲ ဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။ အနာဂတ် နိုင်ငံထူထောင်ရာတွင် တပ်မတော်ရဲ့ကဏ္ဍအရေးကြီးမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တပ်မတော်က ဆောင်ရွက်ခဲ့မှုတွေကို အသိအမှတ်ပြုဖို့ အထူးပင် လိုပါတယ်။

ဒါကြောင့် မြန်မာအမျိုးသားနိုင်ငံရေးအင်အားစုများ၊နိုင်ငံရေးပါတီအဖွဲ့အစည်းများအဖို့ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးလမ်းစဉ်နဲ့ စီးပွားရေးပိတ်ဆို့အရေးယူမှုတွေကို လက်နက်သဖွယ်ကိုင်စွဲတဲ့ လမ်းစဉ်တွေကိုစွန့်လွှတ်ပြီး အမျိုးသားသင့်မြတ်စည်းလုံးရေးကို ကြိုးပမ်းသွားနိုင်မှသာ ဒီကနေ့ နိုင်ငံတော်က ချမှတ်ထားတဲ့ **ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး အလုပ်စခန်း(ဝါ) ရှေ့လုပ်ငန်းစဉ်(၇)ရပ်**ကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲအကောင်အထည်ဖော်သွားနိုင်မယ်ဆိုတာကို အထူးတလည် တင်ပြအပ်ပါတယ်။ ။

သူ့အရိပ်ခိုလျှင်

☆ သူ့ရပ်သူ့မြေ၊ ခိုကတ်နေလျှင်
သူစေသမျှ၊ လုပ်ကြရမှာ
ဓမ္မတာ။

☆ သူပေးကျွေးတာ၊ လက်ခံပါမူ
သူကြည်ဖြူအောင်၊ လုပ်ဆောင်ရမှာ
ဓမ္မတာ။

☆ သူ့အရိပ်ခို၊ သူ့အလိုကျ
မျက်နှာရအောင်၊ လုပ်ဆောင်ရမှာ
ဓမ္မတာ။

☆ ဤဓမ္မတာ၊ တွေးမိလာ၍
သူ့ရွာသူ့ပြည်၊ ခိုမှီနေရှာ
သူ့ခမျာများ၊ ကိုယ့်သွေးသားတွေ
သွေးကွဲလေအောင်၊ တို့ထောင်စကား
မြဲပြောကြားကာ၊ နေရရှာခြင်း
အကြောင်းရင်းဟာ၊ ဒါ့ကြောင့်ပါလား
သေချာသိရှိ၊ သနားမိ။

☆ ဆဲချင်သလောက် ဆဲပါဘိ
ခွဲချင်သလောက် ခွဲပါဘိ
သင်တို့ဘဝ ဒို့သိရှိ
ခွင့်လွှတ်စိတ်ဟာအမြဲရှိ။

☆ သင်တို့ခွဲ၍ ဒို့မထိ
မျိုးချစ်စိတ်ဓာတ် ဒို့အပြည့်
ကိုယ်ခံစွမ်းအား အမြဲရှိ။ ။

ပျံလွှား

ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်မယ်ဆိုရင်

အခုလို ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်မယ်ဆိုရင် စီးပွားရေး ကုန်ထုတ်စွမ်းအားစုတွေ ခေတ်မီတိုးတက်ဖို့၊ လူနေမှုအဆင့်အတန်း မြင့်မားလာဖို့ အထူးပင်လိုအပ်ပါတယ်။ ဒါကြောင့် ဒီလူမှုသိပ္ပံတရားကို သဘောပေါက်နားလည်စွာခံယူထားတဲ့ တည်ဆဲတပ်မတော်အစိုးရဟာ နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး မနားမနေ ကြိုးပမ်း ထူထောင်လာခဲ့ရတာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားပြသ၍ ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၂၅

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံ ကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ်ည ၇ နာရီမှ စတင်ကာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာမောင်တင်ဦးရိုက်ကူးပြီး သရုပ်ဆောင် ရန်အောင်၊ ထွန်းအိန္ဒြာဗို၊ လူမင်း၊ စိုးမြတ်နန္ဒာ၊ နွဲ့နွဲ့စန်း၊ အောင်ခိုင်တို့ ပါဝင်သရုပ်ဆောင်ကြပြီး ၂၀၀၁ခုနှစ် အကယ်ဒမီဆုရဇာတ်ကားဖြစ်သော "အချစ်ကို မွေးဖွားခြင်း" ဇာတ်ကားပြသ၍ ဖျော်ဖြေတင်ဆက်သည်။

ယင်းသို့ အကယ်ဒမီဆုရ ရုပ်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းများ

ဝန်ကြီးချုပ်ဘလဲအရူးအလုပ်လုပ်ပြီးကမ္ဘာကြီးကိုပွက်လောရိုက်အောင်လုပ်နေ ဘလဲနှင့်ဘုရှ်ကို ဇင်ဘာဘွေသမ္မတဒေါသတကြီးပြစ်တင်ကြိမ်းမောင်း

ဘဂ္ဂဒက်ရှိ အမေရိကန်နှင့် အပေါင်းပါတို့၏ ဌာနချုပ်ရုံးအနီး ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသောမော်တော်ယာဉ်တစ်စီးအား အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးနေသည်ကို မေ ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မေ ၂၄

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီသည် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့်အခြားကမ္ဘာ့ခေါင်းဆောင်များကို တနင်္လာနေ့က ဒေါသတကြီးဖြင့် ပြစ်တင်ကြိမ်းမောင်းပြောဆိုခဲ့ပြီး တိုနီဘလဲသည် ရူးသွပ်သောအလုပ်များကို လုပ်ဆောင်လျက်ရှိကာ ကမ္ဘာကြီးကို ပွက်လောရိုက်အောင် ဦးဆောင်ဖန်တီးပေးနေသည်ဟု စွပ်စွဲလိုက်သည်။

စကိုင်းနယူးစ် ရုပ်မြင်သံကြားက မူဂါဘီအား တွေ့ဆုံမေးမြန်းရာ၌ ဘလဲသည် သူ့ကိုယ်သူမဟာလူသားအဖြစ် အထင်ကြီးနေပြီး အခြားလူများအပေါ် အထင်အမြင်သေးခဲ့ကြောင်း မူဂါဘီက ပြောဆိုခဲ့သည့်ပြင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အီရတ်ကိစ္စနှင့် စပ်လျဉ်း၍ ကမ္ဘာကြီးကို လိမ်ညာနေသူဖြစ်ကြောင်း ပြစ်တင်ဝေဖန်ခဲ့သည်။

အီရတ်ကို တိုက်ရန်ဆုံးဖြတ်ချက်သည် မှားကြောင်းကို သူတို့သိခဲ့ကြောင်း၊ သူတို့သည် ကမ္ဘာကြီးကို အကြီးအကျယ်လိမ်ညာ လှည့်စားခဲ့ကြသူများဖြစ်ကြောင်း၊ အဖျက်စွမ်းအား ကြီးမားသော လက်နက်များ အီရတ်၌ ရှိသည်ဟု သူတို့အားပြောခြင်းဖြင့် သူတို့သည် ကမ္ဘာကြီးကို လိမ်ညာလှည့်စားခဲ့ကြောင်း မူဂါဘီက ပြောကြားသည်။

ဘလဲလုပ်ဆောင်ခဲ့သည့် အရူးလုပ်၊ အနှမ်းလုပ် လုပ်ဆောင်ချက်အချို့ကို တွေ့နိုင်ကြောင်းနှင့်ကမ္ဘာကြီးသည် ယခုအခါဗရုတ်သုတ်ခ အနေအထားဖြစ်လျက်ရှိကြောင်းလည်း ဇင်ဘာဘွေခေါင်းဆောင် ရောဘတ်မူဂါဘီက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အိန္ဒိယဝန်ကြီးချုပ်သစ် ကျမ်းသစ္စာကျိန်ဆို

နယူးဒေလီ မေ ၂၄

အိန္ဒိယနိုင်ငံ၏ ၁၃ ဆက်မြောက်ဝန်ကြီးချုပ်အဖြစ် မန်မိုဟန်ဆင်းသည် စနေနေ့က သမ္မတအိမ်တော်၌ ကျင်းပသော စီးပွားရေးပညာရှင် ဆင်း(၇၁)နှစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို သမ္မတအဗ္ဗဒူကလမ်က ကြီးကြပ်ဆောင်ရွက်ပေးသည်။

ဝန်ကြီးများကောင်စီ၌ ၆၇ ဦးကျမ်းသစ္စာကျိန်မည်ဖြစ်ကြောင်း ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်ကိုဆင်နွှဲခဲ့သောစစ်ပွဲကြောင့် ဘုရှ်ကိုထောက်ခံမှုလျော့ကျ

ဝါရှင်တန် မေ ၂၄

အီရတ်ကိုဆင်နွှဲခဲ့သော စစ်ပွဲသည် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အပေါ် လူထု၏ ထောက်ခံချက်နှုန်းထားကို အမြဲကျဆင်းစေခဲ့သည်ကို စီဘီအက်စ်က ဆောင်ရွက်ခဲ့သော လူထုသဘောထားစစ်တမ်းအရ သိရသည်။

၄၁ရာခိုင်နှုန်းသော အမေရိကန်လူထုက ဘုရှ်၏ သမ္မတအဖြစ် ဆောင်ရွက်ချက်ကို ထောက်ခံအတည်ပြုခဲ့သော်လည်း ၅၂ရာခိုင်နှုန်းက ဘုရှ်၏ ဆောင်ရွက်ချက်ကို ထောက်ခံ အတည်မပြုဘဲရှိခဲ့သည်။

လွန်ခဲ့သည့်နှစ်ပတ်၌ ဘုရှ်၏လုပ်ဆောင်ချက်ကို အတည်ပြုသူ ၄၄ရာခိုင်နှုန်းရှိပြီး လွန်ခဲ့သည့် တစ်နှစ်က ဘုရှ်၏လုပ်ဆောင်ချက်ကို ထောက်ခံသူမှာ သုံးပုံနှစ်ပုံမျှ ရှိခဲ့သည်။

အီရတ်၌ ဖြစ်ပျက်နေသောအခြေအနေကို ဘုရှ်ကိုင်တွယ်ဆောင်ရွက်ပုံနည်းလမ်းအား ထောက်ခံအတည်ပြုခြင်းမရှိသူအရေအတွက်မှာ လူ ၁၁၁၃ဦးတွင် ၆၁ရာခိုင်နှုန်းမျှရှိသည်။ ထောက်ခံအတည်ပြုသူမှာ ၃၄ရာခိုင်နှုန်းမျှသာ ရှိသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုသည် ယခုအခါ လမ်းမှားကို ဦးတည်သွားရောက်နေကြောင်း ခံစားနားလည်ထားသူများမှာ ၆၅ရာခိုင်နှုန်းမျှရှိကြောင်း စီဘီအက်စ် လူထုသဘောထားစစ်တမ်းအရ သိရသည်။ **(အင်တာနက်)**

အီရတ်၌ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များ၏လုပ်ဆောင်ချက်အား မကျေနပ်သဖြင့်တီဟီရန်ရှိဗြိတိသျှသံရုံးရှေ့၌လေးကြိမ်မြောက်ဆန္ဒပြ

တီဟီရန် မေ ၂၄

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်ကို အီရန်ရှိဗြိတိသျှ သံရုံးအပြင်ဘက်တွင် လူရာပေါင်းများစွာသည် တနင်္ဂနွေနေ့က လေးကြိမ်မြောက် ဆန္ဒပြခဲ့ကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။

ဟစ်ကြွေး

ဆန္ဒပြသူများသည် ငြိမ်းချမ်းစွာ စတင်ဆန္ဒပြကြရာ လူ ၄၀၀ ခန့်ရှိပြီး ကြွေးကြော်သံများဟစ်ကြွေးကြကာ ဟောပြောသည့် မိန့်ခွန်းများကို နားထောင်ခဲ့ကြသည်။

ပစ်ပေါက်

လွန်ခဲ့သည့်သီတင်းပတ်၌ သံရုံးရှေ့တွင် ဆန္ဒပြခဲ့ကြသူများတွင် ဆန္ဒပြသူသုံးဦးက ဓာတ်ဆီဗုံးများ၊ ဖျောက်အိုးများ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြသော်လည်း တစ်ဦးမျှထိခိုက်ဒဏ်ရာရခြင်းမရှိဟု သိရသည်။

အော်ဟစ်

ဆန္ဒပြသူများကတနင်္ဂနွေနေ့၌ ဆန္ဒပြရာတွင် ဗြိတိသျှသံရုံးကိုပိတ်ပစ်ရန်၊ သံအမတ်ကိုနှင်ထုတ်ရန် အော်ဟစ်ခဲ့ကြသည်။

ဆန့်ကျင်

အီရတ်၌အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များရှိနေခြင်းကို ဆန့်ကျင်သူဦးရေသည် မကြာသေးမီသီတင်းပတ်များအတွင်း၌ အီရန်နိုင်ငံတွင် တိုးလာခဲ့သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူဟာမစ်ရီဇာအဆီဖီက အီရတ်၌ အမေရိကန်တပ်ဖွဲ့များ၏ လုပ်ဆောင်ချက်များကို တရားဝင်သတိပေးစာ အမေရိကန်ပြည်ထောင်စုသို့ ပို့ထားကြောင်း တနင်္ဂနွေနေ့၌ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မင်္ဂလာပွဲကိုလေကြောင်းမှတိုက်သည့်တိပ်ခွေ အေပီတီအင်န်သတင်းဌာနကထုတ်လွှင့်ပြသ

ဘဂ္ဂဒက် မေ ၂၄

လွန်ခဲ့သော ရက်သတ္တပတ် အင်္ဂါနေ့က အီရတ်နိုင်ငံ အနောက်ဘက်ဒေသတွင် အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် လူပေါင်း ၄၀ ကျော်သေဆုံးခဲ့သော မင်္ဂလာလက်ထပ်ပွဲ ဗီဒီယိုတိပ်ခွေကို အေပီတီအင်န် သတင်းဌာနတစ်ခုမှ ယမန်နေ့က ထုတ်လွှင့်ပြသခဲ့သည်။ ယင်းတိပ်ခွေကို မင်္ဂလာပွဲသို့ တက်ရောက်ခဲ့သော အီရတ်လူမျိုးတစ်ဦးထံမှ ရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့်တိပ်ခွေထဲတွင် အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုပြီး နောက်ပိုင်းအခြေအနေ နှစ်မျိုးစလုံးပါရှိကြောင်း သိရသည်။

အမေရိကန်တို့ကမူ ၎င်းတို့အနေဖြင့် နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများကိုသာ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းနေရာ၌ မင်္ဂလာပွဲနှင့် ဆက်စပ်သော အထောက်အထားတစ်စုံတစ်ရာမျှ မတွေ့ရှိခဲ့ရကြောင်း ပြောကြားခဲ့သည်။ **(အင်န်အိပ်ချ်ကေ)**

ဆေးကုသမှုခံယူ

အီရတ်နယ်စပ်ကျေးရွာ တစ်ခုတွင် လက်ထပ်မင်္ဂလာအခမ်းအနား ပြုလုပ်နေစဉ် အမေရိကန်စစ်ရဟတ်ယာဉ်များပေါ်မှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်အမျိုးသမီးတစ်ဦး ရာမာဒီဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို မေ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ချားလ်စ်ဒီဂေါ်နိုင်ငံတကာလေဆိပ်ခန်းမသစ်ကြီးဖွင့်အပြီး ၁၁ လအကြာ၌ ခေါင်မိုးပြိုကျ၍ လူငါးဦးသေဆုံး

ပါရီ မေ ၂၄

ပြင်သစ်နိုင်ငံ ချားလ်စ်ဒီဂေါနိုင်ငံတကာလေဆိပ် အဆောက်အအုံခန်းမသစ်ကြီး၏ ခေါင်မိုး ယမန်နေ့က ပြိုကျခဲ့ရာ အနည်းဆုံးလူငါးဦး သေဆုံးခဲ့ရသည်။

လေဆိပ်ခန်းမသစ်ကြီးကို စတင်ဖွင့်လှစ်ခဲ့သည်မှာ ၁၁လခန့်သာ ရှိသေးပြီး ခေါင်းမိုးမပြိုကျမီကွန်ကရစ် အမှုန်များနှင့်ဖုန်များ ကျလာသည်ကို တွေ့ရှိခဲ့ရာမှ ကြိုတင်သတိပေးချိန်ရလိုက်ပြီး အသေအပျောက်နည်းခဲ့ခြင်းဖြစ်သည်။ ကြိုတင်သတိပေးချိန်မရလျှင် ယခုထက်ပိုပြီး အသေအပျောက်များမည်ဖြစ်သည်။

နှောင့်နှေး

ပြင်သစ်နိုင်ငံတွင် ယခုအချိန်သည် ရက်ရှည်အားလပ်ရက်ဖြစ်ခြင်းကြောင့် အမိုးပြိုကျချိန်၌ ခန်းမအတွင်းသို့ ဆိုက်ရောက်လာသော လေယာဉ်ခရီးစဉ်နှစ်ခုသာရှိသည်။ လေယာဉ် ၁၇ စင်း ဆိုက်ရောက်နိုင်သည့် အဆိုပါလေဆိပ်ခန်းမသစ်ကြီးသည် မဖွင့်မီကလည်း နှောင့်နှေးကြန့်ကြာမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

စတင်

အဆိုပါ လေဆိပ်ခန်းမကြီးကိုဒေါ်လာရှစ်သန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ အမိုးပြိုကျမှုကြောင့် ပြင်သစ် ချားလ်စ်ဒီဂေါလေဆိပ်ကြီး၏ ကျက်သရေညှိုးမှိန်ခဲ့ရသည်။ သက်ဆိုင်ရာက အဆိုပါကိစ္စအတွင်း စုံစမ်းစစ်ဆေးမှုများ စတင်နေပြီဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်မှ စပိန်တပ်ဖွဲ့ဝင်များ မိခင်နိုင်ငံသို့ ပြန်ရောက်

မက်ဒရစ် မေ ၂၄

အီရတ်နိုင်ငံမှ ပြန်လာကျသော စပိန်တပ်ဖွဲ့ဝင်များသည် မိခင်နိုင်ငံသို့ တနင်္ဂနွေနေ့က ရောက်ရှိခဲ့ကြသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တပ်ဖွဲ့ဝင် ၂၃၄ ဦးပါရှိသော အုပ်စုသည် တနင်္ဂနွေနေ့ နံနက်ပိုင်း၌ ကူဝိတ်မှနေ၍ စပိန်နိုင်ငံအရှေ့တောင်ပိုင်းရှိ အယ်လ်မီရီယာမြို့သို့ ပြန်ရောက်လာခဲ့ကြသည်။

တပ်ဖွဲ့ဝင် ၂၄၀ ပါသော နောက်လေယာဉ်သည် တနင်္ဂနွေနေ့ညဉ့်၌ အယ်လ်မီရီယာသို့ ရောက်လာမည်ဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီးက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

နာဂျက်ဖ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားတစ်ဦးကို မေ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ– အင်တာနက်)

အီရတ်၌ အမေရိကန်တို့၏ လုပ်ဆောင်ချက်များ အီရန်နိုင်ငံက တရားဝင်သတိပေးစာ အမေရိကန်သို့ ပေးပို့ထား

တီဟီရန် မေ ၂၄

အိမ်နီးချင်း အီရတ်နိုင်ငံတွင် အမေရိကန်ပြည်ထောင်စု၏ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ တရားဝင်သတိပေးစာကို အမေရိကန်ပြည်ထောင်စုသို့ ပေးပို့လိုက်ကြောင်း အီရန်နိုင်ငံက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

ထို့ပြင် အီရန်နိုင်ငံသို့ အီရတ်အုပ်ချုပ်မှုကောင်စီဝင် ချာလာဘီက အီရတ်နိုင်ငံနှင့် ပတ်သက်သော အမေရိကန်ထောက်လှမ်းရေးသတင်းများကို ပေးခဲ့ကြောင်း မကြာသေးမီရက်များ အတွင်း၌ အမေရိကန်အရာရှိ အချို့၏ ပြောကြားချက်ကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ ဟာမစ်ရီဇာ အဆီဖီက ငြင်းဆိုလိုက်သည်။

ဒေါသဖြစ်

သတိပေးချက်၏ အတိုင်းအတာကို အဆီဖီက မပြောကြားသော်လည်း နာဂျက်ဖ်နှင့် ကာဘာလာ ဘာသာရေးမြို့များအတွင်း၌ အမေရိကန်တပ်များ ရှိနေခြင်းနှင့် စပ်လျဉ်း၍ အီရန်အရာရှိများနှင့် ခေါင်းဆောင်များ ယမ်းပုံမီးကျ ဒေါသဖြစ်ကြကြောင်း ပြောကြားသည်။

သံတမန်ရေးဆိုင်ရာ သတိပေးချက်ကို တီဟီရန်ရှိ ဆွစ်သံရုံးကတစ်ဆင့် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အဆီဖီက ပြောကြားသည်။အမေရိကန်ပြည်ထောင်စုသည် အီရန်နိုင်ငံနှင့်၁၉၈၀ပြည့်နှစ်တွင်အဆက်အသွယ်ဖြတ်ခဲ့သည်။ မိမိတို့နှင့် အီရတ်အုပ်ချုပ်မှုကောင်စီဝင်များသည် အီရတ်ရှိအုပ်စုများအားလုံး စေ့စပ်ဆွေးနွေးမှုများ အပြန်အလှန်သုံးသပ်မှုများနှင့် သံသယကင်းသော ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နေကြောင်း အဆီဖီက ပြောဆိုသည်။

အမေရိကန်တို့သည် မကြာသေးသောလများအတွင်း၌ ကိစ္စရပ်အချို့နှင့် ပတ်သက်၍ လိမ်ညာခဲ့ပြီး ထိုလိမ်ညာမှုများကို သက်သေမပြနိုင်ခဲ့ကြောင်း၊ ကြည့်ရသည်မှာ ထိုလိမ်ညာမှုသည် အမေရိကန်မူဝါဒ၌ အတည်တကျ ပြဋ္ဌာန်းထားပုံရကြောင်း အဆီဖီက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

သမ္မတဘုရှ်၏ လက်ရှိမူဝါဒ မှားယွင်းမှုများ သင်ခန်းစာယူသင့်ဟု ကန်အမတ်တစ်ဦး ပြောကြား

ဝါရှင်တန် မေ ၂၄

အီရတ်တို့ထံအချုပ်အခြာအာဏာလွှဲပြောင်းပေးရေး အစီအစဉ်များနှင့် ပတ်သက်ပြီး အမေရိကန်သမ္မတဘုရှ်က မိန့်ခွန်းပြောကြားမည် ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သမ္မတဘုရှ်ဦးတည်ပြောကြားသွားရန် အမေရိကန်ကွန်ဂရက်လွှတ်တော်အမတ်များက တိုက်တွန်းပြောကြားခဲ့ကြသည်။

အာဏာလွှဲပြောင်းပေးရေးတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏အဆိုပြုချက်မူကြမ်းနှင့်ပတ်သက်ပြီး အမေရိကန်တို့က တင်ပြရန် မျှော်လင့်ထားကြောင်းသိရသည်။

မျှော်လင့်ထား

အမေရိကန်နိုင်ငံက ၎င်း၏ မဟာမိတ်နိုင်ငံများဖြစ်သော ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့နှင့် စေ့စပ်ညှိနှိုင်းမှုများဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ အမေရိကန်သမ္မတဘုရှ်သည် အထီးကျန်ဆန်နေလွန်းကြောင်းနှင့် ၎င်းသည် လက်ရှိမူဝါဒမှ မှားယွင်းမှုများကို သင်ခန်းစာယူသင့်ကြောင်း ရီပက်ဘလစ်ကင်ပါတီ အမတ်တစ်ဦးက ပြောကြားသည်။ အီရတ်အစိုးရအတွက် အစီအစဉ်ရေးဆွဲရန် ကုလသမဂ္ဂအဖွဲ့ထံ သမ္မတဘုရှ် ကမ်းလှမ်းခဲ့ကြောင်းနှင့် ဤသီတင်းပတ်အတွင်း စေ့စပ်ကျေအေးမှုတစ်ရပ်ကို တွေ့ရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်းသိရသည်။

(စီအင်န်အင်န်)

အီရတ် လုံခြုံရေးအခြေအနေ မတည်မငြိမ်ဖြစ်နေမှု ရွေးကောက်ပွဲအတွက် အနှောင့်အယှက်ဖြစ်နိုင်

ဘဂ္ဂဒက် မေ ၂၄

လာမည့်နှစ် ဇန်နဝါရီလတွင် ကျင်းပပြုလုပ်မည့် အီရတ်အထွေထွေ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အီရတ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ ရွေးချယ်ခြင်းကို ယခုလကုန်ပိုင်းတွင် စတင်ပြုလုပ်မည်ဖြစ်သည်ဟု ကုလသမဂ္ဂရွေးကောက်ပွဲများ ကျင်းပရေးဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စကရီနာ ပရယ်လီက ပြောကြားလိုက်သည်။

ဘဂ္ဂဒက်မြို့တွင် ယမန်နေ့ကကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ၎င်းကပြောကြားရာ၌ အီရတ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ခုနစ်ဦးနှင့် အကြီးအကဲတစ်ဦး နေရာများအတွက် အီရတ်လူမျိုး ၁၈၀၀ ကျော်က လျှောက်ထားခဲ့ကြောင်းနှင့် ၎င်းတို့အား စိစစ်ရွေးချယ်ခြင်းကို ယခုရက်သတ္တပတ်အတွင်း စတင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ မတည်ငြိမ်မှုက အီရတ်ရွေးကောက်ပွဲအတွက် အနှောင့်အယှက် ဖြစ်မည်ကိုလည်း မိမိစိုးရိမ်မိကြောင်း မစ္စပါရယ်လီက ပြောကြားသည်။

(အင်န်အိပ်ချ်ကေ)

တိုက်ခိုက်ခံရ

ဖော်လူဂျာမြို့အနီး အမေရိကန် စစ်ယာဉ်တန်းတစ်ခု ချုံခိုတိုက်ခိုက်ခြင်း ခံရပြီးနောက် မော်တော်ယာဉ် အပျက်အစီးများအား စစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို မေ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ– အင်တာနက်

အီရတ်၏ တရားဝင်ကိုယ်စားပြုအဖွဲ့အဖြစ် အသိအမှတ်ပြုရန် ကန်ဆန့်ကျင်ရေးအုပ်စုက အာရပ်အဖွဲ့ချုပ်အားတောင်းဆို

ဒူဘိုင်း မေ ၂၄

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည့် အီရတ်အုပ်စုတစ်စုက ယင်းအဖွဲ့ကို အီရတ်၏တရားဝင် ကိုယ်စားပြုသောအဖွဲ့အဖြစ် အသိအမှတ်ပြုရန် အာရပ်အဖွဲ့ချုပ်ကို တိုက်တွန်းလိုက်ပြီး တူနစ်တွင်ကျင်းပသော အာရပ်ထိပ်သီးအစည်းအဝေးသို့လည်း တက်ခွင့်ပြုရန် တောင်းဆိုလိုက်သည်။

အမေရိကန်ခန့်အပ်သည့် အီရတ်အုပ်ချုပ်မှုကောင်စီ၌ အီရတ်တို့အတွက်ပြောပိုင်ခွင့်မရှိကြောင်း အီရတ်လွတ်မြောက်ရေး အမျိုးသား တပ်ဦး (အင်အက်ဖ်အယ်လ်အိုင်)က ပြောကြားသည်။ ထို့ပြင် အီရတ်နိုင်ငံ မြန်မြန်ထက်ထက် လွတ်မြောက်စေရန်အတွက် အမေရိကန်နှင့် အပေါင်းပါ တပ်များကို မိမိတို့တိုက်ခိုက်နေခြင်းအား အာရပ်တို့ထောက်ခံကြရန်လည်း တိုက်တွန်းလိုက်သည်။

အီရတ် သမ္မတနိုင်ငံ၏ နေရာကို ရထိုက်သည့်အဖွဲ့အစည်းမှာ အီရတ်လွတ်မြောက်ရေး အမျိုးသားတစ်ဦးသာဖြစ်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် အီရတ်လွတ်မြောက်ရေးအမျိုးသားတပ်ဦးသည် အီရတ်ပြည်သူများကို တရားဝင်ကိုယ်စားပြုအဖွဲ့ဖြစ်သည့်ပြင် အီရတ်နိုင်ငံ အချုပ်အခြာအာဏာ ပြန်ရရှိရေးနှင့် ပြန်လွတ်မြောက်ရေးကို ကြိုးပမ်းနေခြင်းကြောင့် ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

အမေရိကန်ဆင်နွှဲသည့်အီရတ်စစ်ပွဲ ကိုလိုနီစစ်ပွဲသာဖြစ်ဟု ဆော်ဒီသံအမတ် ပြောကြား

ဒမ္မလင် မေ ၂၄

အီရတ်ကို အမေရိကန်ဦးဆောင်ပြီး ဆင်နွှဲခဲ့သောစစ်ပွဲသည် ကိုလိုနီစစ်ပွဲ တစ်ပွဲဖြစ်ခဲ့သည့်ပြင် အီရတ်ရေနံကို၎င်းတို့လက်ထဲ ရောက်စေသည့်အဓိပ္ပာယ်ဆောင်သော စစ်ပွဲလည်းဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုအတွင်း၌ အချို့က ရှုမြင်ခဲ့ကြသည်ဟု အဆင့်မြင့်ဆော်ဒီသံတမန်တစ်ဦးက တနင်္လာနေ့၌ ပြောကြားသည်။

အီရတ်ကို အမေရိကန်ပြည်ထောင်စုက ဆင်နွှဲသည့်စစ်ပွဲ၏ ရည်ရွယ်ချက်သည် အတ္တဆန်သူတစ်ဦးကိုမျက်နှာဖုံးစွပ်ပေးခြင်းပင်ဖြစ်သည်ဟု ဗြိတိန်နှင့် အိုင်ယာလန်ဆိုင်ရာဆော်ဒီသံအမတ်ကြီး မင်းသားတာကီအယ်လ်ဖိုင်ဆယ်အိုင်းရစ်က အင်ဒီပင်းဒင့်သတင်းစာသို့ ပြောကြားသည်။

ပြောကြား

အီရတ်စစ်ပွဲ၌ အမေရိကန်တို့၏ ရည်ရွယ်ချက်များသည် မည်သို့ပင်ရှိသည်ဖြစ်စေ အကြောင်းမဟုတ်ကြောင်း၊ အပြီးသတ်ဆန်းစစ်မှုတွင် အီရတ်စစ်ပွဲသည် ကိုလိုနီပြုသော စစ်ပွဲတစ်ပွဲပင်ဖြစ်ကြောင်း မင်းသားတာကီက ပြောကြားသည်။

ကူဝိတ်နိုင်ငံကို ၁၉၉၀ ပြည့်နှစ်တွင် အီရတ်နိုင်ငံက ကျူးကျော်ခဲ့ချိန်မှစပြီး ဆော်ဒီအာရေဗျနိုင်ငံသည် အီရတ်နှင့်ဆက်ဆံရေးတင်းမာခဲ့လင့်ကစား အမေရိကန်ပြည်ထောင်စု၏ဒေသဆိုင်ရာအပေါင်းပါနိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံသည် အီရတ်ကို ဆင်နွှဲသည့်စစ်ပွဲကိုဆန့်ကျင်ခဲ့သည်။

(အင်တာနက်)

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရှန်ဟဲတွင်ညီလာခံကျင်းပမည်

ရှန်ဟဲ မေ ၂၄

ကမ္ဘာ့ဘဏ်ကကြီးမှူး၍ ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးညီလာခံကို ရှန်ဟဲတွင် မေ ၂၅ မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပေကျင်းရှိ ကမ္ဘာ့ဘဏ်ရုံး၏ ကျေးလက်ဒေသဆိုင်ရာညွှန်ကြားရေးမှူး ယူကွန်ဟန်ကဆင်းရဲ နွမ်းပါးမှု အမြစ်ပြတ်ချေမှုန်းရေးအတွက် ပထမအကြိမ် ကမ္ဘာလုံးဆိုင်ရာညီလာခံအဖြစ် အဆိုပါညီလာခံကို ရှေ့ပြေးကျင်းပခြင်းဖြစ်သည်။

ယခုညီလာခံသည် ကမ္ဘာပေါ်ရှိ ဆင်းရဲနွမ်းပါးမှုများကို လျှော့ချရေးအတွက် အာရုံစိုက်မည့် ပထမဆုံးညီလာခံ ဖြစ်ကြောင်း ဆင်ဟွာနှင့် တွေ့ဆုံခန်းတွင် ဟန်က ပြောသည်။

အမ်အင်အေ၊ ဆင်ဟွာ

ဘုရှ်နှင့်ဘလဲတို့ ရာထူးမှနုတ်ထွက်ပေးရန် လန်ဒန်မြို့၌ ချီတက်ဆန္ဒပြသူများက တောင်းဆို

လန်ဒန် မေ ၂၄

အီရတ်နိုင်ငံမှ အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းသွားရန် လန်ဒန်မြို့တွင် ချီတက်ဆန္ဒပြသူ စစ်ဆန့်ကျင်ရေးသမား ရာပေါင်းများစွာက တောင်းဆိုခဲ့ကြပြီး အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်မှုကြောင့် တုန်လှုပ်ချောက်ချားကြောင်း ပြောဆိုခဲ့ကြသည်။

ဆန္ဒပြသူများသည် အပေါင်းပါတပ်ဖွဲ့ဝင်များအတိုင်း ဝတ်ဆင်ကာ ချီတက်ဆန္ဒပြခဲ့ကြပြီး အခြားဆန္ဒပြသူများကလည်း ခေါင်းစွပ်အနက်များဝတ်ကာ ညှဉ်းပန်းနှိပ်စက်သည့်သဏ္ဍာန် သရုပ်ဆောင် ဆန္ဒပြခဲ့ကြသည်။

တောင်းဆို

ထို့ပြင် ဆန္ဒပြသူများသည် အီရတ်နှင့်ပါလက်စတိုင်း လွတ်မြောက်ရေးနှင့် အမေရိကန်နှင့်ဗြိတိသျှခေါင်းဆောင် ဘုရှ်နှင့်တိုနီဘလဲတို့ နုတ်ထွက်ပေးရန်လည်း တောင်းဆိုကြသည်။

အီရတ်နိုင်ငံတွင်းမှ မိမိတို့၏တပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်းခြင်းသာလျှင် အီရတ်၌ဖြစ်ပျက်နေသော ထိတ်လန့်တုန်လှုပ်ချောက်ချားဖွယ်ရာ အဖြစ်အပျက်များ အဆုံးသတ်သွားစေမည်ဟုပြောဆိုသည်ထက် အခြားပြောစရာမရှိကြောင်း လန်ဒန်မြို့တော်ဝန် ကင်းလီဗင်စတုန်းက ပြောကြားသည်။

ရုပ်သိမ်း

နျူကလီးယားလက်နက်ဖျက်သိမ်းရေး စည်းရုံးလှုံ့ဆော်မှုအတွက် ပြောရေးဆိုခွင့်ရှိသူ ကိတ်ဟာ့ဒ်ဆွန်က အီရတ်၌ မတရားနှိပ်စက်မှုများကို မိမိတို့ကန့်ကွက်ဆန္ဒပြလျက်ရှိကြောင်းနှင့် တရားမဝင်သောကျူးကျော်တပ်များ အီရတ်မှ ရုပ်သိမ်းရန်တောင်းဆိုကြောင်း ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်စစ်ပွဲဆန့်ကျင်ရေး၊ အီရတ်မှအမေရိကန်နှင့် အပေါင်းပါတပ်များ ရုပ်သိမ်းရေးနှင့် အီရတ်အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှုများရပ်တန့်ရေးတို့အတွက် လန်ဒန်မြို့၌ တောင်းဆိုဆန္ဒပြနေသူများအား မေ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏လျှို့ဝှက်သတင်းများ အီရန်ကိုပေးခဲ့သည်ဆိုမှု မမှန်ကန်ကြောင်း အီရတ်အုပ်ချုပ်မှုကောင်စီဝင် ချာလာဘီငြင်းဆို

ဝါရှင်တန် မေ ၂၄

အီရန်နိုင်ငံသို့ အမေရိကန်ပြည်ထောင်စု၏ လျှို့ဝှက်ချက်များကို မိမိပေးခဲ့သည်ဆိုသော စွပ်စွဲချက်များသည် မမှန်ကန်ကြောင်း အီရတ်အုပ်ချုပ်မှုကောင်စီဝင် အာမက်ချာလာဘီက တနင်္ဂနွေနေ့၌ ငြင်းဆိုလိုက်ပြီး ထိုကိစ္စကို ကွန်ဂရက်၌ တစ်ယောက်ချင်းယှဉ်ပြီး စကားစစ်ထိုးရန် စီအိုင်အေညွှန်ကြားရေးမှူးကို စိန်ခေါ်လိုက်သည်။

အမေရိကန်အစိုးရ အရာရှိအချို့က ချာလာဘီသည် အမေရိကန်ထောက်လှမ်းရေးသတင်းကို အီရန်သို့ပေးခဲ့ကြောင်း စွပ်စွဲခဲ့သည်။ ချာလာဘီက ယင်းစွပ်စွဲချက်သည် မမှန်ကြောင်း၊ မှာယွင်းသောစွပ်စွဲချက်ဖြစ်ကြောင်း၊ အေဘီစီရုပ်မြင်သံကြားအစီအစဉ်သို့ ပြောကြားသည်။

မရရှိ

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ယင်းစွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း၊ လုံခြုံရေးအဆင့် သတ်မှတ်ထားသော ယင်းလျှို့ဝှက်သတင်းတစ်စုံတစ်ရာကို မိမိတို့မရရှိခဲ့ကြောင်း၊ ချာလာဘီသို့မဟုတ် မည်သည့် အီရတ်အုပ်ချုပ်မှုကောင်စီဝင် တစ်ဦးတစ်ယောက်ထံမှ လျှို့ဝှက်သတင်းကို မရရှိခဲ့ကြောင်း ပြောဆိုခဲ့သည်။

စွပ်စွဲချက်ဖြစ်

အီရတ်လုံခြုံမှုကောင်စီဝင် ချာလာဘီ၏ ဘဂ္ဂဒက်ရှိ ရုံးချုပ်သည် ပြီးခဲ့သည့်အပတ်၌ ဝင်စီးခံခဲ့ရပြီး သူ၏ရှေ့နေများက ပေါလ်ဘရီမာထံသို့ ယင်းသို့ဝင်ရောက်စီးနင်းမှုကို ပြစ်တင်ရှုတ်ချကြောင်းနှင့် ထိခိုက်မှုအတွက် လျော်ကြေးပေးရန် တောင်းဆိုသည့်စာကို ရေးသားပေးပို့ခဲ့သည်။ တစ်စုံတစ်ရာကို အီရန်သို့ မိမိတို့ပေးခဲ့ခြင်းမရှိကြောင်း၊ မိမိသာမဟုတ် မည်သည့် အိုင်အင်စီအဖွဲ့ဝင်တစ်ယောက်ကမျှ မပေးခဲ့ကြောင်း၊ စီအိုင်အေညွှန်ကြားရေးမှူး ဂျော့ချ်တီနက်၏ စွပ်စွဲချက်သာဖြစ်ကြောင်း ချာလာဘီက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်ထိပ်တန်း ဥပဒေပြုပုဂ္ဂိုလ် ရုရှားသို့ အလည်အပတ်ရောက်ရှိ

မော်စကို မေ ၂၄

တရုတ်နိုင်ငံမှ ထိပ်တန်းဥပဒေပြု ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဝူဘန်ဂိုးသည် မော်စကိုမြို့သို့ ယမန်နေ့က ရောက်ရှိခဲ့ပြီး ရုရှားနိုင်ငံတွင် ၎င်း၏ခုနစ်နှစ်ကြာ တရားဝင် အလည်အပတ်ခရီးကို ဆက်လျက်ရှိကြောင်း သိရသည်။

ဆွေးနွေး

အမျိုးသား ပြည်သူ့ကွန်ကရက်၏ အမြဲတမ်းကော်မတီဥက္ကဋ္ဌဖြစ်သူ ဝူဘန်ဂိုးသည် မော်စကိုသို့ မလာရောက်မီ အီးယားကွတ်စ်မြို့သို့ ရောက်ရှိခဲ့ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသောစွမ်းအင်နှင့် သစ်ထုတ်လုပ်မှု လုပ်ငန်းကိစ္စများကို အီးယားကွတ်စ်မြို့ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ပူးပေါင်းမည်

ထို့အပြင်ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍများတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်ဟုလည်း အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့ကြောင်း သိရသည်။ မော်စကိုမြို့တွင် ရှိနေစဉ်အတွင်း ဝူဘန်ဂိုးသည် ရုရှားသမ္မတပူတင်၊ အခြားထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ဝူဘန်ဂိုး၏ ဥရောပလေးနိုင်ငံခရီးစဉ်၏ ပထမမြောက် နိုင်ငံဖြစ်ကာ ၎င်းသည် ဘူလ်ဂေးရီယား၊ ဒိန်းမတ်နှင့် နော်ဝေနိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **(စီစီတီဗွီ)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



ကန်တို့ကျူးကျော်မှု အဆုံးသတ်ရေး အာရပ်တို့ကူညီဆောင်ရွက်ရန် နှိုးဆော်

အမ္မာန် မေ ၂၄

တူနီးရှားနိုင်ငံ၌ ကျင်းပသောအာရပ်အဖွဲ့ချုပ် ထိပ်သီးအစည်းအဝေးတွင် အီရတ်နိုင်ငံအရေးကိစ္စကို ထည့်သွင်းဆွေးနွေးခဲ့ပြီး ယမန်နေ့က ပြီးဆုံးသည့် အစည်းအဝေးက အမေရိကန်တို့ အီရတ်အပေါ်ကျူးကျော်မှု အဆုံးသတ်ရေးတွင် အာရပ်တို့က ကူညီဆောင်ရွက်ရန်လည်း နှိုးဆော်ထားသည်။ အီရတ်နှင့်ပတ်သက်ပြီး ကုလသမဂ္ဂဆုံးဖြတ်ချက်သစ်တစ်ရပ်ကို သဘောတူညီခဲ့သည်။

သက်ရောက်မှုရှိ

ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး မာဝမ်-မူရှာက အီရတ်အရေး၌ အာရပ်နိုင်ငံများအနေဖြင့် တက်ကြွစွာပါဝင်ကူညီရန် ပြောကြားခဲ့ပြီး အီရတ်နိုင်ငံခြားရေးဝန်ကြီး ဇဘာရီကလည်း အီရတ်အခြေအနေသည် အာရပ်ကမ္ဘာအပေါ် သက်ရောက်မှုရှိကြောင်း ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

လုံခြုံရေး ဆောင်ရွက်

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာအနီး လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို မေ ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်မင်းသားနှင့်မင်းသမီး လက်ထပ်ပွဲ လက်ဖွဲ့ထီလက်မှတ်မှ အောင်ဘာလေဆုပေါက်

မက်ရစ် မေ ၂၄

စပိန်မင်းသား ဖိလစ်နှင့် ဇနီးသစ် မင်းသမီး လီတီဇီယာတို့သည် မင်္ဂလာလက်ဖွဲ့အဖြစ် ၎င်းတို့ကိုပေးခဲ့သော အောင်ဘာလေထီလက်မှတ်မှ စနေနေ့က မဲပေါက်ခဲ့ကြောင်း နိုင်ငံပိုင်ရေဒီယိုက ကြေညာသည်။

ကြေညာ

ကမ္ဘာ့တော်ဝင်မိသားစုများ စနေနေ့က တက်ရောက်ခဲ့သည့်ပွဲတွင် ပျော်ရွှင်နေကြသည့် အဆိုပါစုံတွဲသည် ဘာစီလိုနာ အငြိမ်းစားတစ်ဦးက ၎င်းတို့အား ပေးခဲ့သည့် ထီလက်မှတ်တစ်ခုမှ ယူရိုငွေ ၁၂၀၀၀(အမေရိကန်ဒေါ်လာ ၁၄၄၆၀)ဆုမဲပေါက်ခဲ့ကြောင်း အမျိုးသား စပိန်ရေဒီယိုက ထုတ်လွှင့်ကြေညာသည်။

အမ်အင်အေ၊ရိုက်တာ

■ **ရှေ့ဖုံးမှ**

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်နှင့် လုပ်ငန်းကော်မတီဝင်များ စုံညီစွာတက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းကော်မတီမှ ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဖြည့်ဆည်းစီမံဆောင်ရွက်

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များက မိမိတို့ လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အကြံပြုဆွေးနွေးတင်ပြကြရာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင် တို့ကအကြံပြု ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း စီမံဆောင်ရွက်ပေးကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ (၃/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးကို ညောင်နှစ်ပင်စခန်းရှိလုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ (၃/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို ညောင်နှစ်ပင်စခန်းရှိလုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ (၃/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးကို ညောင်နှစ်ပင်စခန်းရှိ လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တိုးပွားပြည်သာရန်–အမျိုးသားညီလာခံ

(တျာချင်း)

☆ ညီညာသောင်းဖြ၊ စုကြတူယှဉ်
သွေးချင်းသားချင်း၊ တိုင်းရင်းသားအကုန်ပင်
ပြည်ထောင်စုတစ်ခွင်၊ စုံစုံလင်ကိုယ်စားပြု
လက်တွဲဝန်းရံ၊ ညီလာခံ
ပြည်သာရန် ရှေးရှုကြသည်နှင့်လေး။
☆ မြန်မာပြည်ထောင်စု၊ ဖွဲ့စည်းမှုအခြေခံ
သုံးသပ်ပိုင်းခြား၊ စဉ်းစား၍ဝေဖန်
အခြေခံမူချရန်၊ အပြန်အလှန်ဆွေးနွေး
ဒို့နိုင်ငံမြေ၊ တည်တံ့စေ
အခြေခံဥပဒေ ရေးနိုင်ဖို့ငယ်နှင့်လေး။
☆ မြန်မာ့လွတ်လပ်ရေး၊ သွေးချွေးရင်းတိုက်ယူ
သွေးချင်းစုံညီအောင်ပြု၊ ပြည်ထောင်စုအောင်လံထူ
စည်းလုံးမှုစံနမူ၊ တလူလူလွှင့်ကြ
အမျိုးသားညီလာခံ၊ အောင်မြင်ရန်
သန္နိဋ္ဌာန်ခိုင်ခိုင် ချသည်နှင့်လေး။
☆ စည်းကမ်းကျနှ၊ မြန်မာ့ဒီမိုကရေစီ
မူဝါဒ(၇)ရပ်၊ ချမှတ်တည်ဆောက်ပြီ
ပြည်ထောင်စုအခွန့်ရှည်၊ ဖွံ့ဖြိုးစည် ပန်းတိုင်လှမ်း
ချစ်ကြည်တူယှဉ်၊ အောင်ပွဲဆင်
ညောင်နှစ်ပင်ညီလာခံ စခန်းဆီကလေး။ ။
– ညီနောင်ပြု ဝေဖန်မှုတွေဖော်ညွှန်းတွေး၊
တိုးပွားပြည်သာရန်။ ။
– ပြည်ထောင်စု အခြေခံဥပဒေပေါ်ထွန်းရေး၊
အမျိုးသားညီလာခံ။ ။

တက္ကသိုလ်မြတ်သူ

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

မိုးဦးပန်း ပန်းချီပြပွဲဖွင့်

ရန်ကုန် မေ ၂၅

မိုးဦးပန်း ပန်းချီပြပွဲဖွင့်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟိုရုံးခန်း)၌ကျင်းပသည်။

ပန်းချီပြပွဲ ဖွင့်ပွဲသို့ စာကြည့်တိုက်ပြတိုက်နှင့် ပြပွဲများကြီးကြပ်ရေးကော်မတီဝင်များ တက်ရောက်ကြည့်ရှုကြပြီး ပြသခွင့်လက်မှတ်ကို သပြေဦးမြင့်သိန်းအား စာကြည့်တိုက်ပြတိုက်နှင့် ပြပွဲများကြီးကြပ်ရေးကော်မတီဝင် ဦးတင်ကြည်က ပေးအပ်သည်။

(အောက်ပုံ)

မိုးဦးပန်း ပန်းချီပြပွဲတွင် ပန်းချီကားပေါင်း ၆၄ ကား ပြသထားပြီး သပြေမြင့်သိန်း၊ ကျော်ဆန်းသွင်၊ မိုးမြင့်အောင်၊ မာဏ်ဇာဟိန်း၊ စန်းအောင်၊ မင်းမောင်မောင်ရွှေ၊ နေအောင်ရှူ၊ ကောင်းဝေ၊ ဟန်မင်းထွဏ်းတို့က ရေးဆွဲတင်ပြထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

(၁၃၆၆ ခုနှစ် နယုန်လဆန်း ၈ ရက် ဥပုသ်နေ့)
၂၆–၅–၂၀၀၄ (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၆။ အရေးပြိုင်ပွဲ
၈:၂၀ ၇။ ရွှေလီတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Happy and Educational English Summer Course MRTV
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၇။ သီချင်းကြီးပဒေသာ
၁၇:၄၅ ၈။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၁၇:၅၅ ၉။ **"စက်မှုတပ်ဆင် လုပ်ငန်းတွင်"** (အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်) (ဒါရိုက်တာ–ဝင်းထွန်းဝင်း)
၁၈:၀၀ ၁၀။ သက်တံရောင်သံစဉ်
၁၈:၁၀ ၁၁။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၁၈:၂၀ ၁၂။ Discovery
၁၈:၃၀ ၁၃။ ညနေခင်းသတင်း
၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၅။ ရှမ်းတို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၁၉:၁၅ ၁၆။ မွန်ပြည်နယ်(အပိုင်း–၂)
၁၉:၃၀ ၁၇။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၄၀)
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁–၅–၂၀၀၄)

World No-Tobacco Day

(31-5-2004)

ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှု၊ လူမှုဘဝချမ်းသာရ

Tobacco Control and Poverty

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၄ ရက်က ကျိုင်းတောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်များဖြင့် လွိုင်လင်ခရိုင် မိုးနဲမြို့သို့ရောက်ရှိကြရာ မိုးနဲတပ်နယ်မှ ဗိုလ်မှူးကြီးသာအောင်၊ မိုးနဲမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၄ ရက်က မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း၏ Computer Aided Instruction Room ၊ Audio Room (Language Lab) နှင့် ကျောင်းအားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

စီစဉ်ဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌ ဆရာဆရာမများနှင့် တွေ့ဆုံ၍ သင်ကြားစီမံကိန်းစာရပ်များကို မေးမြန်းပြီး ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ရန် လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးနဲပြည်သူ့ဆေးရုံသို့သွားရောက်၍ လူနာခန်းများ၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာမျိုးညွန့်ဦးနှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျန်းမာရေးဝန်ထမ်းနေအိမ်နှင့် ကျန်းမာရေးလုပ်ငန်းလိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးနဲမြို့ သာသနာ့ပါလကျောင်းတိုက် ဆရာတော် စူဠဂန္ဓ ဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကေသဝ အမှူးပြုသောဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် စာသင်တိုက်အတွက် လိုအပ်ချက်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိုးနဲမြို့ ကမ္ဘောဇခန်းမ၌ မိုးနဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယရဲမှူးကြီးစိန်ဝင်းက မိုးနဲမြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ နေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၊ အဓိကသီးနှံ ၁၀ မျိုးအနက် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ကြံနှင့် အစေ့ထုတ်ပြောင်းများ၏ စိုက်ဧကအထွက်နှုန်းနှင့် ထွက်ရှိမှုပမာဏ၊ ဒေသဖြစ်ထွန်းသော သီးနှံများစိုက်ပျိုးမှုအခြေအနေ၊ ဒေသဝမ်းစာ ဖူလုံမှု၊ ၂၀၀၄–၂၀၀၅ မိုးစပါးတိုးချဲ့စိုက်ပျိုးရန် စီစဉ်ထားမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ မြို့စည်ပင်သာယာရေး၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက် ဒေသ၏စီးပွားရေးတိုးတက်ဖြစ်ထွန်းရေးသည် အဓိကကျကြောင်း။

ဦးစားပေးဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းစေရေးကို ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် ဒေသဝမ်းစာဖူလုံစေရေးအပြင် ဒေသတွင်းဖြစ်ထွန်းနိုင်မည့် ဈေးကွက်ဝင်သီးနှံများဖြစ်သည့် လက်ဖက်၊ ကော်ဖီစသည့်သီးနှံများကို တစ်ကွင်းတစ်စပ်တည်းသော စိုက်ခင်းကြီးများထူထောင်ပြီး စီးပွားဖြစ် စိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်သွားကြရန် မှာကြားလိုကြောင်း။

မြို့နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးအောင်မြင်ဖြစ်ထွန်းရေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများတွင် တာဝန်အရှိဆုံးဖြစ်ကြောင်း။

စုံစုံညီညီဖွဲ့စည်းပေး

မြို့နယ်အဆင့်တွင် စနစ်ကျနသည့် အုပ်ချုပ်ရေးယန္တရားတစ်ရပ် ထူထောင်ပေးထားပြီးဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံတွင် နိုင်ငံတော်အစိုးရဌာနဆိုင်ရာများကို စုံစုံညီညီ ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၄ ရက်က လွိုင်လင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ကပြည်ထောင်စုကြီးတစ်ရပ်လုံးမျှတစွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးသုံးရပ်ချမှတ်ဆောင်ရွက်လျက်ရှိ
ပြည်သူများအားလုံး ပြည်ထောင်စုစိတ်ဓာတ်အခြေခံလျက် စည်းစည်းလုံးလုံး တက်ညီလက်ညီပူးပေါင်းပါဝင်

တက်ညီလက်ညီကြိုးပမ်း

ဤကဲ့သို့ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးယန္တရားကို နိုင်ငံတော်အစိုးရက အင်္ဂါရပ် စုံစုံညီညီဖြင့် ဖွဲ့စည်းပေးထားပြီးဖြစ်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ အားလုံးက အုပ်ချုပ်ရေးယန္တရား မှန်ကန်ချောမွေ့စွာ လည်ပတ်စေရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြို့စည်ပင်သာယာရေးကဏ္ဍအသီးသီးတွင် လုပ်ငန်းအလိုက် ဖွဲ့စည်းထားသည့် ကော်မတီများကို သက်ဝင်လှုပ်ရှားစေလျက် စုပေါင်းဦးဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် တိုင်တိုင်ပင်ပင်ညှိညှိနှိုင်းနှိုင်း ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

ကျေးလက်ဒေသများအထိဆင်းပြီး ကျေးလက်နေပြည်သူနှင့်ထိတွေ့ကာ ဒေသအလိုက် လိုအပ်ချက်များကို ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်နှင့်အညီ လက်တွေ့ကျကျ ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

ပြည်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခြင်းများဖြင့် ပြည်သူများကိုယ်တိုင်က မိမိတို့၏စီးပွားရေးတိုးတက်ဖြစ်ထွန်းစေရေးအတွက် ဝီရိယစိုက်ထုတ်ကြိုးစား လုပ်ကိုင်ချင်စိတ်များဖြစ်လာအောင် မှန်ကန်သော ဦးဆောင်စည်းရုံးမှုပေးနိုင်မှသာ ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကို ရရှိမှာဖြစ်ကြောင်း။

အလားတူပင် မိမိတို့ မြို့နယ်အတွင်း ဖွဲ့စည်းထားပြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့စသည့် လူမှုရေးအသင်းအဖွဲ့များကို ကူညီအားပေးခြင်းအားဖြင့် ၎င်းတို့၏ ပူးပေါင်းပါဝင်မှု စွမ်းအားကိုရယူကြရန် မှာကြားလိုကြောင်း။

မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ စီမံခန့်ခွဲမှုနှင့် အစီအမံများကောင်းမွန်မှသာ၊ ဦးဆောင်မှုကောင်းမှသာ ပြည်သူများနှင့်လူမှုရေးအသင်းအဖွဲ့များ၏ စုပေါင်းစွမ်းအားကို ရရှိပြီး မိမိတို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်မည်ဆိုသည်ကို သိမြင်နားလည် သဘောပေါက်ကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မေ ၂၄ ရက်က အစိုးရနည်းပညာကောလိပ် (ပင် လုံ) အဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့်နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင် ကျိုင်းတောင်းမြို့သို့ရောက်ရှိကြရာ မိုင်းပန်တပ်နယ်မှ ဗိုလ်မှူးချုပ်ညွန့်လှိုင်နှင့် တပ်မတော်အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုင်းတောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ ကျိုင်းတောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ကျိုင်းတောင်းမြို့၏တည်နေရာနှင့် အကျယ်အဝန်း၊ နေထိုင်လျက်ရှိကြသည့် လူမျိုးများ၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ ဒေသတွင်းဖြစ်ထွန်းသည့် သီးနှံ ၂၅ မျိုး စိုက်ပျိုးထုတ်လုပ်ရန်အခြေအနေ၊ ဒေသဝမ်းစာဖူလုံမှု၊ ဒေသဆီဖူလုံမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့်လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နယ်မြေဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုသည် အဓိကဖြစ်ရာ မိမိတို့ဒေသအတွင်းအုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဘက်စုံကဏ္ဍစုံတွင် စီမံခန့်ခွဲမှုစနစ် ကောင်းမွန်အောင် ပီပီပြင်ပြင် မှန်မှန်ကန်ကန် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပထမဦးဆုံးမှာကြားလိုကြောင်း။

ဒေသ၏စီးပွားရေးတိုးတက်ဖြစ်ထွန်းရေးအတွက် အခြေခံအကျဆုံးဖြစ်သောစိုက်ပျိုးရေးကဏ္ဍတွင် ဒေသတွင်းဖြစ်ထွန်းနိုင်သည့် ဈေးကွက်ဝင် သီးနှံများကို ရွေးချယ်သတ်မှတ်ပြီး စီးပွားဖြစ်စိုက်ပျိုးသွားကြရန် ဌာနဆိုင်ရာများက ဦးဆောင်မှုပေး စည်းရုံးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နမူနာပြလုပ်ကိုင်

အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်ပေးခြင်းစသည့် ပံ့ပိုးကူညီမှုများဖြင့် တောင်သူများလုပ်ချင်ကိုင်ချင်စိတ်ရှိလာအောင်ဌာနဆိုင်ရာတာဝန်ရှိသူများက စံနမူနာပြလုပ်ကိုင်ပြကြရန်လိုကြောင်း။

ယခုအချိန်အခါတွင် ကျိုင်းတောင်းဒေသသည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပြီဖြစ်သည်နှင့်အညီ ထုတ်ကုန်များပို့ဆောင်ရန် ပိုမိုလွယ်ကူလာပြီဖြစ်ရာ စိုက်ပျိုးစီးပွားကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ဖို့ စည်းရုံးဦးဆောင်လမ်းပြကြရန် မှာကြားလိုကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် အရင်းခံအကျဆုံးဖြစ်သည့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ သန့်ရှင်းသည့်သောက်သုံးရေနှင့်စိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးနှင့်စီးပွားရေးအောင်မြင်ဖြစ်ထွန်းရေးကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးမှုများဆောင်ရွက်ရေးတို့ကို ထိရောက်ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်စေရအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကို သတ်မှတ်တာဝန်ပေးထားပြီးလည်းဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ် ပီပီပြင်ပြင်အကောင်အထည်ပေါ်ဖြစ်ထွန်းသည်နှင့်အမျှ ကျေးလက်ဒေသများမှအစပြု၍ ပြည်နယ်၊ တိုင်းအထိ တစ်နိုင်ငံလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာပဲဖြစ်ကြောင်း။

သို့ဖြစ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက မိမိတို့ကိုပေးအပ်ထားသော ဌာနအလိုက်ရည်မှန်းချက်တာဝန်များ ကျေပွန်စွာထမ်းရွက်ရုံမျှမက မိမိတို့တာဝန်ကျရာဒေသသည် မိမိတို့၏ ရပ်ရွာဒေသကဲ့သို့ သဘောထားခံယူပြီး ဝီရိယနှင့်စေတနာအားပေါင်းစပ်ကာ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့်ဌာနဆိုင်ရာများအားလုံး စုပေါင်းဦးဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် ဌာနတစ်ခုနှင့်တစ်ခု ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ ညှိနှိုင်းပေါင်းစပ်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်ကျိုင်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၄ ရက်က ကျိုင်းတောင်းမြို့ တုန်ဟုန်း ပရိယတ္တိစာသင်တိုက်တွင် ဆရာတော် ဘဒ္ဒန္တ သောစိန်န အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့ တုန်ဟုန်းပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြပြီး ဆရာတော် ဘဒ္ဒန္တသောစိန်န အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ဆရာကြီး ဦးကင်းခမ်းမန်နှင့် ဆရာ ဆရာမများအားတွေ့ဆုံကာ သင်ကြားရေးဆိုင်ရာများမှာကြားသည်။

ကျိုင်းတောင်းရေအားလျှပ်စစ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင် မိုးနဲမြို့၏အရှေ့ဘက် ၃၁မိုင်ခန့်အကွာ နမ့်တိန်ချောင်းအပေါ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စတင်တည်ဆောက်နေသည့် ကျိုင်းတောင်းရေအားလျှပ်စစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်က ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်း၏ရည်ရွယ်ချက်နှင့်တည်နေရာ၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းဒေသ၏ ဘူမိဗေဒအခြေအနေ၊ နမ့်တိန်ချောင်း၏ ရေစီးရေလာအခြေအနေ၊ ဇလဗေဒမှတ်တမ်းအရ တိုင်းတာတွေ့ရှိချက်၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းအရ ကျောက်စီကွန်ကရစ်ရေလွှဲဆည် တည်ဆောက်ခြင်း၊ စီမံကိန်းလုပ်ငန်းများ၏အကွက်ချပုံစံ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် လုပ်ငန်းအဆင့်ဆင့်၊ ကျောက်စီကွန်ကရစ်ရေလွှဲဆည် တည်ဆောက်ခြင်း၊ ရေယူအဆောက်အအုံနှင့် ရေသွယ်မြောင်းဖောက်လုပ်ခြင်းလုပ်ငန်း၊ ရေထိန်းကန်၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းများ တည်ဆောက်တပ်ဆင်မည့် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အချိန်နှင့်တစ်ပြေးညီ

ယင်းနောက် ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမြင့်က အမှတ်(၁)ရေလွှဲဆည် အောက်ခံကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ နုန်းစစ်ကန်တည်ဆောက်ခြင်းလုပ်ငန်း အပါအဝင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စီမံကိန်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် မိုးရာသီလုပ်ကိုင်နိုင်သော လုပ်ငန်းများကိုရပ်တန့်မထားဘဲ ဆောင်ရွက်ကြရန်မှာကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

လွိုင်လင်ခရိုင် မိုးနဲမြို့အရှေ့ဘက် ၃၁မိုင်ခန့်အကွာ နမ့်တိန်ချောင်းအပေါ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စတင်တည်ဆောက်မည့်ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် ကျိုင်းတောင်းရေတံခွန်မှ ရေကျဆင်းမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကျွန်တော်တို့ ချစ်သောမြန်မာပြည်

မျက်မှောက်ကာလတွင် ၁၉၈၈ခုနှစ်မှစ၍ သမိုင်းပေးတာဝန်အရ တပ်မတော်က နိုင်ငံတော်တာဝန်ကိုယူခဲ့ရကာ ပြည်ထောင်စုကြီး မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။ တပ်မတော်က ဦးဆောင်၍ နိုင်ငံတော်ကို ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသဖြင့် အသွင်အမြင်အားဖြင့် စစ်အစိုးရဟု ပြောလိုကပြောနိုင်ပေသည်။ သို့သော် နေ့မထွက်ရ၊ ညမထွက်ရ ကဲ့သို့သော စစ်မိန့်များ မရှိခြင်း၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာများကို နယ်ဘက် တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ နယ်ဘက်ပညာရှင်များနှင့် ဝန်ထမ်းများအား မှန်ကန်မြန်ဆန်စွာ လုပ်ဆောင်စေခြင်းနှင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကိစ္စရပ်အားလုံးကို လမ်းမှန်သို့ ဦးတည်ပေးခြင်း၊ လိုအပ်သည်များကို ဖြည့်ဆည်းပေးခြင်း၊ ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ဖြင့် နယ်ဘက်လုပ်ထုံးလုပ်နည်းများနှင့်အညီ နယ်ဘက်ဝန်ထမ်းများကို တာဝန်ထမ်းဆောင်စေလျက်ရှိခြင်းကြောင့် အနှစ်သာရအားဖြင့် အရပ်သားအစိုးရကဲ့သို့ပင်ဖြစ်နေပါသည်။

တိုင်းရင်းသား ပြည်သူတို့၏ မျှော်မှန်းချက်ကို ဘက်စုံထောင့်စုံမှ ဆောင်ရွက် ပေးလျက်ရှိသည်ကို တစိမ့်စိမ့် တွေးပါက တငြိမ့်ငြိမ့်ပေါ်လာမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့က ကျူးကျော်စစ်သုံးကြိမ်ပြု၍ သိမ်းပိုက်ခဲ့သဖြင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသော်လည်း သူ့ကျွန်မခံလိုသည့် မြန်မာတို့၏ ပြင်းပြသည့်ဆန္ဒနှင့် စည်းလုံးညီညွတ်မှုအင်အားကြောင့် ၁၉၄၈ ခုနှစ်တွင် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် နိုင်ငံအဖြစ် ရပ်တည်လာခဲ့သော်လည်း နယ်ချဲ့ပယောဂနှင့်ဂိုဏ်းဂဏဝါဒစွဲများကြောင့် လွတ်လပ်ရေးအတွက် အတူတူလက်တွဲခဲ့ကြသော ရဲဘော်ရဲဘက်အချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြသည်။ ၎င်းမှတစ်ဆင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း စိတ်ဝမ်းကွဲကာ လက်နက်ကိုင်ပဋိပက္ခ အထိဖြစ်ပွားပြီး ငြိမ်းချမ်းမှုနှင့် စည်းလုံးညီညွတ်မှုအား လျော့ကျခဲ့ပါသည်။ ထို့ကြောင့် ပြည်သူတို့ဘဝ နိမ့်ကျခဲ့ရသဖြင့် အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတို့မျှော်မှန်းတောင့်တခဲ့ကြပါသည်။ ဤသည်ကို တပ်မတော်က သိမြင်သဖြင့် ရာစုနှစ်တစ်ဝက်မျှ ခံစားခဲ့ရသော လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေရန် တောတွင်းလက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကို စိတ်ရှည်လက်ရှည် ဆောင်ရွက်ခဲ့သည့်အတွက် တောတွင်းလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ရောက်ရှိခဲ့ပြီး နိုင်ငံတော်အတွက် အကောင်းဘက်ကရှုမြင်နေထိုင် ဆောင်ရွက်နေကြပြီ ဖြစ်သည်။

- **ပြည်ထောင်စုမပြိုကွဲရေး**
- **တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး**
- **အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**

ဟူသည့် နိုင်ငံသားအားလုံးအတွက် ဝိဝါဒကွဲပြားစရာမရှိသော ဒို့တာဝန် အရေးသုံးပါးကို အတိတ်သမိုင်းအတွေ့အကြုံများအရ တပ်မတော်အစိုးရက အမျိုးသားရေးဝါဒအဖြစ် ချမှတ်ခဲ့သည့်အပြင် နိုင်ငံရေးဦးတည်ချက် လေးရပ်၊ စီးပွားရေးဦးတည်ချက်လေးရပ်နှင့် လူမှုရေးဦးတည်ချက် လေးရပ်တို့ဖြင့်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဖြစ်ထွန်းရေး ဟူသည့် အမျိုးသားရေးပန်းတိုင်သို့ရောက်ရှိအောင် ချမှတ်ဆောင်ရွက်ပေးလျက် ရှိပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းကြီးများ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍-

> **နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းကြီးဟာ မျိုးဆက်တစ်ခုမှ မျိုးဆက်တစ်ခုသို့ လက်ဆင့်ကမ်းပြီး စဉ်တိုက်၊ ဆက်တိုက် အကောင်အထည်ဖော်ရမယ့် လုပ်ငန်းကြီးဖြစ်တယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံး စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမယ့် လုပ်ငန်းကြီး ဖြစ်ပြီး ကောင်းမွန်တဲ့ အနာဂတ်ကိုဖန်တီးနိုင်အောင် အားထုတ်ကြတာ ဖြစ်တယ်**

ဟူ၍ လမ်းညွှန်မိန့်ကြားထားပါသည်။

မျက်မှောက်ခေတ်၏ တိုးတက်ဖြစ်ပေါ် စည်ပင်ဖွံ့ဖြိုးသာယာမှုများကို အောက်ပါအတိုင်း ကဏ္ဍများခွဲပြီး ကြည့်မြင်နိုင်ကြပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၍ စိုက်ပျိုးရေး ကဏ္ဍကို ပထမကြည့်ကြမည် ဆိုလျှင်-

(၁) ၁၉၈၈ခုနှစ်နောက်ပိုင်းတည်ဆောက်ခဲ့သော ဆည်တမံပေါင်း ၁၆၀
(၂) အကျိုးပြု ရေသွင်းစိုက်ပျိုးဧက နှစ်သန်းကျော်
(၃) ပတ်ဝန်းကျင်အထောက်အကူပြု မြစ်ရေတင်စီမံကိန်း ၂၆၅
(၄) သောက်သုံးရေရရှိသည့် ကျေးရွာ ၇၇၆၀
(၅) ကျေးလက်ဒေသ ရေရရှိရေး လုပ်ငန်းကြောင့် ကျေးလက်ရှိ လူဦးရေ ၁၅သန်းကျော် သောက်သုံးရေရရှိ
(၆) ၁၉၈၈ခုနှစ်နောက်ပိုင်း သီးနှံစိုက်ပျိုးဧက ၂၃ဒသမ ၈သန်း အထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

သွားလာ၊ ပို့ဆောင်၊ သယ်ယူမှုလွယ်ကူစေရန် လမ်းတံတားများကို မြန်မာနိုင်ငံအရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်၊ တစ်နံတစ်လျား မဟာဗျူဟာ ချမှတ်ဆောင်ရွက်လျက်ရှိရာ-

(က) အသစ်ဖောက်လုပ်ခဲ့သော လမ်းများမှာ

(၁) ဧရာဝတီမြစ်အနောက်ဘက် မန္တလေး-မြစ်ကြီးနားကားလမ်း
(၂) ဧရာဝတီမြစ်အရှေ့ဘက် မန္တလေး-ဗန်းမော်ကားလမ်း
(၃) မြစ်ကြီးနား-ပူတာအိုကားလမ်း
(၄) ဘားအံ-ဇာသပြင်-မော်လမြိုင်ကားလမ်း
(၅) တောင်ကြီး-ရှာင်-ဟံမြင့်မိုရ်ကားလမ်း
(၆) ပျဉ်းမနား-ပင်လောင်းကားလမ်း
(၇) စစ်တွေ-အမ်း-မင်းဘူးကားလမ်း
(၈) တောင်ကုတ်-မအီ-ကျောက်ဖြူကားလမ်း
(၉) ကော့သောင်း-ဘုတ်ပြင်း-မြိတ်-ထားဝယ်-မော်လမြိုင်ကားလမ်း [မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း]
(၁၀) မုံရွာ-ခန္တီးကားလမ်း

(ခ) ဧရာဝတီမြစ်အနောက်ဘက် လမ်းသစ်များမှာ-

(၁) မင်းဘူး-ဆိပ်ဖြူ-ပခုက္ကူ-မုံရွာကားလမ်း
(၂) မင်းလှ-သရက်-ပြည်ကားလမ်း

(ဂ) အရှေ့မှအနောက်ဆက်သွယ်သည့် လမ်းသစ်များမှာ-

(၁) မုံရွာ-ကလေးဝကားလမ်း
(၂) ပျဉ်းမနား-တောင်တွင်းကြီးကားလမ်း
(၃) ပျော်ဘွယ်-နတ်မောက်-မကွေးကားလမ်း
(၄) တောင်ငူ-ပြည်ကားလမ်း စသည်တို့ကို

တိုးတက်ဖောက်လုပ်ခဲ့ကြောင်းတွေ့ရပါသည်။

ဒေါက်တာလွင်ကို

ထိုနည်းတူစွာ တောင်ကိုကျော်၍လည်းကောင်း၊ မြစ်ကိုဖြတ်၍လည်းကောင်း ဖောက်လုပ်ထားသော ရထားလမ်းများ ပြည်သူလူထုအတွက် အထူးအကျိုးပြု အသုံးဝင်လှပါသည်။ ပြည်-အောင်လံ-တောင်တွင်းကြီး ရထားလမ်းသည် အလယ်ရိုးမတောင်တန်းကို ဖြတ်ကျော်ဖောက်လုပ်ထားပြီး ပခုက္ကူ-ကျော ရထားလမ်းသည် ပုံတောင်/ပုံညာတောင်တန်းကို ဖြတ်ကျော် ဖောက်လုပ်ထားကာ ရွှေညောင်-တောင်ကြီး- ဆိုက်ခေါင် ရထားလမ်းသည် ရှမ်းရိုးမကို ဖြတ်ကျော်ဖောက်လုပ်ထားသည်။

ချောင်းဦး-ပခုက္ကူလမ်းကို ဧရာဝတီမြစ်ကြီးအား ဖြတ်ကျော်ဖောက်လုပ်ထားပြီး ဘုတလင်-ရေဦး-ခင်ဦး ရထားလမ်းကို မူးမြစ်အားဖြတ်ကျော် ဖောက်လုပ်ထားသည်။

ခက်ခဲသော ဒေသများသို့လည်း သွားလာမှုလွယ်ကူစေရန် ရထားလမ်းသစ်များဖောက်လုပ်ခဲ့ရာ နမ့်စန်-မိုးနဲ၊ ရွှေညောင်-ရပ်စောက်၊ အောင်ပန်း-လွိုင်ကော်၊ ရေး-ထားဝယ်၊ ရေမျက်နီ-ဂန့်ဂေါ-ကလေးရထားလမ်းများက သက်သေပြုနေပါသည်။ အားလုံးခြုံ၍ကြည့်ပါက ၁၉၈၈ခုနှစ် နောက်ပိုင်း အသစ်ဖောက်လုပ်ခဲ့သော ရထားလမ်းသစ်အရှည် ၁၁၀၄မိုင်ရှိပြီ ဖြစ်သည်။

မြစ်ကူးတံတားကြီးများကို ကြည့်မည်ဆိုပါလျှင် ၁၉၈၈ခုနှစ်မတိုင်မီက ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်ကြီးများ၊ မြစ်ငယ်များပေါ်တွင် ပေ၁၈၀အထက် တံတားကြီး ၁၆စင်းသာရှိခဲ့ရာမှ ၂၀၀၄ခုနှစ် မေလ အထိ ပေ ၁၈၀ အထက် တံတားကြီး ၁၈၃ စင်းရှိနေပြီဖြစ်ပါသည်။

လေကြောင်းနှင့် ရေကြောင်း ပို့ဆောင်ရေးများကို ကြည့်မည်ဆိုပါလျှင် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးကို ဒေါ်လာ၁၅သန်းနှင့် မြန်မာကျပ်ငွေ ၆၅၄၃ သန်းအကုန်အကျခံကာ တည်ဆောက်ခဲ့သည့်အပြင် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုလည်း တည်ဆောက်ဆဲဖြစ်ပါသည်။

၁၉၈၈ ခုနှစ်တွင် ဂျက်လေယာဉ် ဆင်းနိုင်သည့် လေယာဉ်ကွင်း ခြောက်ကွင်း သာ ရှိခဲ့ရာမှ ယခုအခါတွင် ၁၈ကွင်းအထိ ရှိနေပြီဖြစ်ပါသည်။ ထို့အပြင် တိုးချဲ့ ထားသော ဆိပ်ခံတံတားများအဖြစ် ရန်ကုန်-သီလဝါ ဆိပ်ခံတံတား ခြောက်ခု၊ အလုံဆိပ်ခံ တံတားနှစ်ခုနှင့် ဗိုလ်အောင်ကျော်၊ ဗိုလ်တထောင် ဆိပ်ခံတံတားနှစ်ခုကိုလည်း တည်ဆောက်ပြီးစီးခဲ့ပါပြီ။ ယခုအခါ မြန်မာပြည်၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေကို ကြည့်လျှင် မြန်မာပြည်မြေပုံအလယ်တည့်တည့်တွင် ဗဟိုပြု၍ ပင့်ကူအိမ်တစ်ခုသဖွယ် တည်ဆောက်ထားသည့်နှယ် တွေ့မြင်ရမည် ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားကဏ္ဍကို လေ့လာကြည့်မည်ဆိုပါလျှင် ၁၉၈၈-၈၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လျှပ်စစ်စွမ်းအင် ကီလိုဝပ်နာရီသန်းပေါင်း ၂၂၂၅ကျော် သုံးစွဲနိုင်ခဲ့သော်လည်း ၂၀၀၄ခုနှစ်တွင် ကီလိုဝပ် နာရီသန်းပေါင်း ၅၀၆၄ကျော် သုံးစွဲလာနိုင်ခဲ့ပါသည်။ ထိုသို့ ၂၈၃၉ ကီလိုဝပ်နာရီသန်းပေါင်း ပိုမိုသုံးစွဲလာနိုင်ခြင်းသည် ဤ(၁၆)နှစ်အတွင်း လျှပ်စစ်စွမ်းအား နှစ်ဆကျော်အောင် နိုင်ငံတော်က တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်းပင်ဖြစ်ပါသည်။ လူနေမှုအဆင့်အတန်း တိုးတက်လာခြင်းနှင့် စက်ရုံအလုပ်ရုံ၊ အဆင့်မြင့်ကွန်ဒိုကြီးများ၊ ဟိုတယ်ကြီးများ၊ ဆေးရုံဆေးခန်းကြီးများ စသည်ဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်လာမှု၏ အရှိန်အဟုန်ကို လောလောဆယ် လိုက်မီခြင်း မရှိသေးသော်လည်း လာမည့်ငါးနှစ်ကာလအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ပိုမိုထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိနေပါသည်။ နိုင်ငံနှင့်အဝန်း ဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ပါက ၁၉၈၈ခုနှစ်တွင် တယ်လီဖုန်းအလုံး ၆၇၀၁၆ ကျော်နှင့် ကြေးနန်းစခန်း ၃၁၀ရုံးရှိရာ ယခုအခါတွင် ဆယ်လူလာ၊ စီဒီအမ်အေ၊ ဂျီအက်စ်အမ် မိုဘိုင်းဖုန်းများအပြင် တယ်လီဖုန်း ၃၄၂၁၃၇ကျော်နှင့် ကြေးနန်းစခန်း၄၆၀ ရုံးအထိ တိုးတက်လာပြီး မိုက္ကရိုဝေ့ဗ် စခန်း ၂၀၅ခု၊ လိုင်းအင်အား ၃၃၀၀၀ ကျော်နှင့် ကျေးလက်တယ်လီဖုန်းထားရှိသော ကျေးရွာ ၂၅၀ ရှိနေပါသည်။

၁၉၈၈ခုနှစ်က ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ ၁၃ခုသာ ရှိခဲ့ရာမှ ယခုအခါ ၁၈ခုအထိ ရှိလာခဲ့ပြီဖြစ်သည်။၁၉၈၈ခုနှစ်က ရေနံစိမ်းစည်သန်းပေါင်း ၄၂၉၉ ထုတ်လုပ်ရာမှယခုအခါရေနံစိမ်းစည်သန်းပေါင်း ၇၇၁၀ထုတ်လုပ်နိုင်ပြီဖြစ်သည်။

ယခင်အစိုးရအဆက်ဆက် မဆောင်ရွက်နိုင်သော ကဏ္ဍတစ်ရပ်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါသည်။ ယနေ့ တပ်မတော်အစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေများ ပြဋ္ဌာန်း၊ ရည်မှန်းချက်များချမှတ်ကာ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ အသီးသီး ဖွဲ့စည်းထားသည့်အပြင် ဝန်ကြီးဌာန တစ်ခုကိုပင် တိုးချဲ့ဖွဲ့စည်း၍ အောက်ပါအတိုင်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

(၁) အခြေခံပညာမူလတန်းကျောင်း ၆၂၇ကျောင်း
(၂) အခြေခံပညာအလယ်တန်းကျောင်း ၆၁ကျောင်း
(၃) အခြေခံပညာအထက်တန်းကျောင်း ၆၂ကျောင်း
(၄) တိုက်နယ်ကျန်းမာရေးဌာန ၈၂ခု
(၅) ကျေးလက်ကျန်းမာရေးဌာန ၂၉ခု
(၆) ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၀
(၇) နယ်စပ်ဒေသ ရေအားလျှပ်စစ်လုပ်ငန်း ရှစ်ခု
(၈) နယ်စပ်စိုက်ပျိုးရေးရုံး ၃၁ရုံး
(၉) စိုက်ပျိုးရေးစခန်း ၁၁၅ခု
(၁၀) တည်ဆောက်ပြီးဆည် ၁၇ခု
(၁၁) ထွန်စက်စခန်း ၁၁ခု

ထို့အပြင် စာတိုက်၊ ရေဒီယို၊ တယ်လီဖုန်းများ၊ တယ်လီဖုန်းအဝေးလိုင်းများ၊ ကြေးနန်းရုံးများနှင့်ဂြိုဟ်တုဆက်သွယ်ရေးစခန်းများကို သင့်လျော်သောမြို့များတွင် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲဖြစ်ရာ နောက်ငါးနှစ်ကာလအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးသုံးစွဲငွေ ပမာဏမှာ ကျပ် ၂၂၈၅၂သန်းအထိ တိုးတက် လာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဇရိယာစတုရန်းမိုင် ၁၃၀၀၀၀ ကျော် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိရာ နိုင်ငံ၏ တစ်ဝက်ကျော် ၅၀ ဒသမ ၈၁ ရာခိုင်နှုန်းပင်ဖြစ်ပါသည်။ ဤဘိုးဘွားအမွေအနှစ်ကို သုံးစွဲနေရုံနှင့်မပြီးဘဲ အမြဲရှင်သန် တိုးတက်နေစေရန် အမျိုးသားသစ်တောကဏ္ဍ အနှစ်၃၀ ပင်မစီမံကိန်းကြီး ရေးဆွဲအကောင်အထည်ဖော် လျက်ရှိသဖြင့် ဧက ၆၆ သန်းကျော်မှာ အမြဲစိမ်းသစ်တောများအဖြစ် ရှိနေမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ မိုးနည်းရပ်ဝန်းဒေသများကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ပထမကိုးခရိုင်၊ ယခု၁၃ ခရိုင်အထိ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဧကပေါင်း ၇ ဒသမ ၅ သန်းသည် စိမ်းလန်းစိုပြည် တောကောင်းမြေအဖြစ်ဖြင့် မျှတသော ရာသီဥတုဖြစ်လာရန် ရှိနေပါသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း ၁၉၈၈ခုနှစ်၌ နိုင်ငံပိုင်၊ သမဝါယမပိုင်၊ပုဂ္ဂလိကပိုင်နှင့် လယ်ယာကုန်ထုတ် အလုပ်ရုံ၊စက်ရုံ (သေး/လတ်/ကြီး) ၄၀၀၀၀ ကျော်ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၅၀၀၀၀ကျော် ရှိလာသည်ကို တွေ့မြင်နိုင်ပါသည်။

လူမှုရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ၁၉၈၈ခုနှစ်က နိုင်ငံတွင် ဆေးရုံ ၆၃၀ သာရှိရာ ယခုအခါ ၇၇၄အထိ တိုးတက်လာခဲ့သည့်အပြင် နယ်စပ်ဒေသ တိုးချဲ့ဆေးရုံ ၁၃ ရုံနှင့် နယ်စပ်ဒေသ တိုက်နယ်ဆေးရုံ ၃၇ ရုံကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ပါသည်။

ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းပြီးဆောင်ရွက်ရာတွင် ၁၉၈၈ခုနှစ်က တက္ကသိုလ်ကောလိပ်၃၂ခုသာရှိခဲ့ရာ ၂၀၀၄ခုနှစ်တွင် ၁၅၄ခုရှိနေပြီ ဖြစ်သည့်အပြင် ရေကြောင်းပညာတက္ကသိုလ်၊ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနကလည်း ဘာသာရပ်၂၀ကို ပါရဂူဘွဲ့အထိ တိုးမြှင့်သင်ကြားပေးနေပါပြီ။

အခြေခံပညာတိုးတက်မှုတွင် ၁၉၈၈ခုနှစ်၌ အခြေခံပညာကျောင်း ၃၃၇၄၇ ကျောင်းသာရှိခဲ့ရာမှ ယခုအခါ၄၀၁၅၂ကျောင်းရှိနေပြီဖြစ်ရာ ၆၄၀၅ ကျောင်း တိုးတက်လာခဲ့ပြီ ဖြစ်ပါသည်။

ဤတိုးတက် လုပ်ဆောင်မှုအပေါင်းတို့သည် မြန်မာနိုင်ငံရှိ၅၃သန်းကျော်သော ပြည်သူလူထုအတွက်သာမက နောင်သားစဉ်မြေးဆက်များအတွက်ပါ ဆောင်ရွက်နေခြင်းဖြစ်ကြောင်းထင်ရှားလှပါသည်။ ဤကျောင်း ကောလိပ်၊ တက္ကသိုလ်များမှ မွေးထုတ်ပေးမည့် လူသားအရင်းအမြစ်မျိုးဆက်သစ် လူငယ်များကို ယခုအတွေ့ အကြုံရှိပြီးသော အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများက အဆင့်ဆင့်သွန်သင်ညွှန်ပြ၍ နိုင်ငံအတွက် အားထားရသည့် စွမ်းအားရှင်များ ဖြစ်အောင် စိတ်ဓာတ်ရော ကျွမ်းကျင်မှုပါ လေ့ကျင့်ပေးရန် တာဝန်ကိုယ်စီ ရှိနေကြပါသည်။ သို့မှသာတပ်မတော်အစိုးရက ခင်းထားသောလမ်း၊ မှန်းထားသော အမျိုးသားရေးမျှော်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာမည်မှာ မလွဲဧကန် ဖြစ်ပါသည်။

အထက်ဖော်ပြပါ စုဆောင်းတင်ပြချက်များသည် ပကတိအရှိတရားများသာ ဖြစ်ပါသည်။ ရှေ့ဆက်၍ တိုးတက်မှုများ စဉ်ဆက်မပြတ် ဖြစ်ပေါ်စေရန်အတွက် တိုင်းပြည်ကို ချစ်မြတ်နိုးသော ကျွန်တော်တို့တိုင်းရင်းသား ပြည်သူအားလုံး အဘက်ဘက်မှ သတိတရား အမြဲရှိနေသင့်ပါကြောင်း "အပ္ပမာဒေန သမ္ပာဒေထ" ဟူသော မြတ်ဗုဒ္ဓ၏ဆုံးမစကားနှင့်ယှဉ်၍ရေးသားတင်ပြအပ်ပါသည်။ ။

■ *ကျောဖုံးမှ*

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဆွေးနွေးပွဲခန်းမ (၅)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဒေါက်တာ မျိုးသန့်တင်က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဦးဘိုသိန်းနှင့် ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်းတို့ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ စာတမ်းပြုစုရေးအဖွဲ့ငယ် ငါးဖွဲ့တွင် အဖွဲ့ငယ်(၁)၏ တာဝန်ခံအဖြစ် ရန်ကုန်တိုင်းမှ ဦးသန်းမြင့် ခေါင်းဆောင်သော အဖွဲ့ငယ်က ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များကဏ္ဍကို လည်းကောင်း၊ အဖွဲ့ငယ်(၂)၏ တာဝန်ခံအဖြစ် ဧရာဝတီတိုင်းမှ ဒေါ်ခင်စောမူ ခေါင်းဆောင်သော အဖွဲ့ငယ်က ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ (ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းကဏ္ဍ)ကိုလည်းကောင်း၊ အဖွဲ့ငယ်(၃)၏ တာဝန်ခံအဖြစ် ရန်ကုန်တိုင်းမှ ဦးခင်မောင်ဆွေ ခေါင်းဆောင်သော အဖွဲ့ငယ်က စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍကိုလည်းကောင်း၊

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၇)၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ သဘာပတိ ညီလာခံကိုယ်စားလှယ် ဒေါက်တာမျိုးသန့်တင်က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့များမှ ကိုယ်စားလှယ်များ စာတမ်းတင်သွင်းရေးအတွက် အိပ်ဆောင်များ၌ စာတမ်းများကို ဆွေးနွေးညှိနှိုင်းပြုစုလျက်ရှိကြစဉ်။ (သတင်းစဉ်)

အဖွဲ့ငယ်(၄)၏ တာဝန်ခံအဖြစ် မကွေးတိုင်းမှ ဦးအောင်စန်း ခေါင်းဆောင်သော အဖွဲ့ငယ်က စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍကို လည်းကောင်း၊ အဖွဲ့ငယ်(၅)၏ တာဝန်ခံအဖြစ် မန္တလေးတိုင်းမှ ဦးအောင်မွန် ခေါင်းဆောင်သော အဖွဲ့ငယ်က လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍကို လည်းကောင်း အသီးသီးစာတမ်းများ ပြုစုရေးသားရန် ညီလာခံအလုပ်သမားကိုယ်စားလှယ်များက အဆိုတင်သွင်း ထောက်ခံကြပြီး သဘာပတိက အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး နံနက် ၉နာရီခွဲတွင် အစည်းအဝေးကို ခေတ္တရပ်နားကာ အဖွဲ့ငယ် ငါးဖွဲ့မှ ကိုယ်စားလှယ်များက မိမိတို့ကဏ္ဍကျရာ စာတမ်းများကို စတင်ရေးသားပြုစုကြသည်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ် ၄၈ဦးရှိသည့် အနက် ၄၈ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ရာနှုန်းပြည့် တက်ရောက်ကြသည်။

ရှေးဦးစွာ အလှည့်ကျသဘာပတိ ဒေါက်တာမျိုးသန့်တင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကဏ္ဍများအလိုက် စာတမ်းများ ပြုစုတင်ပြရန် တက်ရောက်လာကြသော အလုပ်သမားကိုယ်စားလှယ်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် အလုပ်သမားကိုယ်စားလှယ်များကကဏ္ဍအလိုက်စာတမ်းများ ပြုစုတင်ပြနိုင်ရန် အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် အလှည့်ကျသဘာပတိက ပြန်လည်ရှင်းလင်းတင်ပြဆွေးနွေး အတည်ပြုသည်။

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိ ညီလာခံကိုယ်စားလှယ် ဦးထွန်းအောင်ချိန် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏အစည်းအဝေးကို နံနက်၉နာရီ၅၅မိနစ်တွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ နည်းပညာရှင်၊ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောနှင့် ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာသိန်းညွှန့်(ညွှန့်ဝေ–ကသာ) တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈) ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ်၅၆ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ်၅၃ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၄ဒသမ ၆၄ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး လုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်အပေါ် ဥပဒေပြုရေးဆိုင်ရာကဏ္ဍနှင့် ပတ်သက်၍ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော စာရေးဆရာနှင့် တရားရုံးချုပ်ရှေ့နေ ဦးမြတ်သူ (တက္ကသိုလ်–မြတ်သူ)၊ မော်လမြိုင်တက္ကသိုလ် ရူပဗေဒဌာန ပါမောက္ခ ဒေါ်ခင်သန်းနွယ်၊ ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းနှင့် သမဝါယမဝန်ကြီးဌာန အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းတို့က အကြံပြုစာတမ်းများကို အသီးသီးတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁

စာမျက်နှာ ၉ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စီမံကိန်းရှုရပ်မှ နမ့်တိန်ချောင်း ရေစီးဆင်းမှုပမာဏနှင့်ကျိုင်းတောင်းရေတံခွန်မှ ရေကျဆင်းနေမှုအခြေအနေများကို ကြည့်ရှုကြသည်။

ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံတွင် ထောင်လိုက်ဖရန်စစ်တာဘိုင်အမျိုးအစားတပ်ဆင်မည်ဖြစ်သည်။ ၁၈မဂ္ဂါဝပ် စက်သုံးလုံးတပ်ဆင်မည်ဖြစ်သည့်အတွက် စက်စွမ်းအားမှာ ၅၄မဂ္ဂါဝပ်ဖြစ်ပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၇၂ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဟုသိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လွိုင်လင်မြို့သို့ရောက်ရှိကြရာ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရပ်မိရပ်ဖများနှင့်တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လွိုင်လင်မြို့ နဝရတ်ခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်က လွိုင်လင်ခရိုင်၏ တည်နေရာနှင့်အကျယ်အဝန်း၊ လူဦးရေ၊ မြေယာအသုံးချမှု၊ ခရိုင်အတွင်း မိုးစပါးစိုက်ပျိုးမှု၊ အထွက်နှုန်းနှင့် ထွက်ရှိမှု၊ မိုးစပါးစိုက်ဧကတိုးချဲ့ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှု၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ဒေသတွင်းဖြစ်ထွန်း သီးနှံ၂၅မျိုး စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ခရိုင်အတွင်း ဝမ်းစာဖူလုံမှု၊ ဆီဖူလုံမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်နေမှုများရှင်းလင်း

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးမြကြီးက လွိုင်လင်ခရိုင်အတွင်း အဓိကသီးနှံ ၁၀မျိုးအနက်စပါး၊ ပြောင်း၊ ပဲစင်းငုံစသည့်သီးနှံများ ပန်းတိုင်ရည်မှန်းချက်ရရှိအောင် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးများသုံးစွဲရေး၊ သီးနှံအလိုက်စိုက်ဧကများ တိုးတက်

ဖြစ်ပေါ်ရေးနည်းလမ်းများဖြင့် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသောင်းက လွိုင်လင်ခရိုင်၏ ရာသီဥတုနှင့် မိုးရွာသွန်းမှု၊ ခရိုင်၏ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေ၊ တောင်ယာမြေစသည့် စိုက်ပျိုးမြေဧကနှင့် စိုက်ပျိုးသီးနှံအမျိုးအစား၊ မြေရိုင်း၊ တောရိုင်း၊ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၏ အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူး ဦးဝင်းမြင့်မောင်က ခရိုင်အတွင်း အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ဆရာအင်အားတိုးချဲ့ခန့်ထားခြင်း၊ ဆရာဦးရေနှင့် ကျောင်းသားအင်အား အချိုးအစား၊ ခရိုင်အတွင်း ကျောင်းများ၏ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်က လွိုင်လင်ခရိုင်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တင်ပြသည့်ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် လွိုင်လင်ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် အစီအမံများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို လေ့လာသုံးသပ်နိုင်ရန်နှင့် လိုအပ်သည်များ ဆက်လက်ပံ့ပိုးပေးနိုင်စေရန် မိမိနှင့်အတူ ဒေသဆိုင်ရာတာဝန်ခံများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယနေ့လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

နံနက်ပိုင်းတွင် မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့တို့သို့ ဝင်ရောက်၍ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ဆက်လက်သွားရောက်ကာ လုပ်ငန်းများ အမြန်ဆုံး ပြီးစီးရေးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

လွိုင်လင်ခရိုင် ၁၁ မြို့နယ်သည် ဖွံ့ဖြိုးတိုးတက်ရေး၌ ကွက်လပ်သဖွယ်ကျန်ရှိနေသည့်အတွက် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်စေရအောင် ဆောင်ရွက်ပေးရန် လိုအပ်နေသည်ဟု နိုင်ငံတော်အစိုးရက ခံယူထားသည့်အလျောက် လွန်ခဲ့သည့်သုံးနှစ်ခန့်က စတင်ပြီး လွိုင်လင်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိခြင်းဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်ဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ် စီမံကိန်းတို့ကို စနစ်တကျပေါင်းစပ်ပြီး တစ်နိုင်ငံလုံး၌ ဖြန့်ကြက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မေ ၂၄ ရက်က လွိုင်လင်မြို့ ရတနာစည် တပ်ဦးကျောင်းရတနာစည် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလာနန္ဒ အမှူးပြုသော ဆရာတော် သံဃာတော် များ အား ပူဇော်ကန်တော့ကြ ပြီး လှူ ဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ငွေအမြောက်အမြားကျခံ

လွိုင်လင်ခရိုင် ၁၁မြို့နယ်ကိုလည်း ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုတွင် အထူးဒေသတစ်ခုအဖြစ် ထည့်သွင်းသတ်မှတ်ပြီး ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်း၏အင်္ဂါရပ်များနှင့်အညီ လမ်းပန်းဆက်သွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးရေး အစီအမံများကို နိုင်ငံတော်ဘဏ္ဍာငွေကြေးမြောက်မြားစွာ ကျခံပြီး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနည်းတူ ပြည်သူများအပိုင်းမှာလည်း တာဝန်ရှိသည်နှင့်အညီ အစိုးရနှင့်ပြည်သူအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်ဟုလည်း တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ပူးပေါင်းဆောင်ရွက်

ပြည်သူများအပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ စေတနာအပေါ် တုံ့ပြန်ပြီး မိမိတို့ရပ်ရွာဒေသတည်ငြိမ် အေးချမ်းမှုအပြည့်အဝ ဖြစ်ထွန်းစေရအောင် စီးပွားရေးဘဝတိုးတက်ဖြစ်ထွန်းပြီး မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်စေရအောင် မိမိတို့မှာလည်းတာဝန်ရှိသည် ဆိုသည့် သဘောထားခံယူချက်ဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ဤအခြေခံသဘောတရားကို နားလည်သဘောပေါက်ပြီး ပြည်သူများနှင့်ထိတွေ့ကာ ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ ပြည်သူများ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းရေး၊ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် ပံ့ပိုးကူညီပေးခြင်းအားဖြင့် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို ရယူကြရန် မှာကြားလိုကြောင်း။

မိမိတွင်လည်းတာဝန်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံးနှင့်တကွ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး နယ်မြေဒေသမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရအောင် ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်ချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်အချိန်အခါတွင် ပြည်သူများအားလုံးက မိမိတို့တွင်လည်း တာဝန်ရှိသည်ဆိုသည့် သဘောထားခံယူချက်ထားရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံလျက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လွိုင်လင်မြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအားလည်းကောင်း၊ လွိုင်လင်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို ခရိုင်ပညာရေးမှူးအားလည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(ပင်လုံ)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဦးမင်းမင်းဦးနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

မိုးနဲပြည်သူ့ဆေးရုံ ကြည့်ရှုစစ်ဆေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၄ ရက်က မိုးနဲပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကျန်းမာရေးကဏ္ဍတွင် လွိုင်လင်ခရိုင်၁၁မြို့နယ်လုံးရှိ မြို့နယ်ဆေးရုံများကို (၁၆)ခုတင်ဆံ့ ဆေးရုံအဆင့်မှ (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးခြင်း၊ တိုက်နယ်ဆေးရုံများ ကျေးလက်ကျန်းမာရေးဌာနများ အဆင့်တိုးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သလို လွိုင်လင်ခရိုင် ပြည်သူ့ဆေးရုံကြီးကိုလည်း ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပြီးဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပင်လုံတက္ကသိုလ်ကြီးနှင့် ပင်လုံအစိုးရနည်းပညာကောလိပ်၊ ပင်လုံကွန်ပျူတာကောလိပ်တို့ကို သစ်လွင်ခံ့ညား ထည်ဝါသည့် အဆောက်အအုံများဖြင့် တည်ဆောက်ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့်တည်ဆောက်

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကဖြစ်သည်နှင့်အညီ မြို့နယ်ချင်းဆက်သွယ်သည့်လမ်းများသာမက ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဆက်သွယ်သည့်လမ်းများ တိုးတက်ကောင်းမွန်စေရန် ဘဏ္ဍာငွေကြေးမြောက်မြားစွာကုန်ကျခံပြီး အရှိန်အဟုန်ဖြင့် တည်ဆောက်ပြုပြင်ပေးခဲ့ကြောင်း။

သို့ဖြစ်၍ ယခုအခါတွင် လွိုင်လင်ခရိုင် ၁၁ မြို့နယ် ဒေသတစ်ခွင်လုံး လမ်းမကြီးများ လက်ယှက်ထိုးပေါ်ထွန်းလာခဲ့ပြီး အရှေ့နှင့်အနောက်သာမက ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ပါ တစ်ဆက်တစ်စပ်တည်း ဖြစ်လာခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်ပြီးလည်း လမ်းမကြီးများ ပြုပြင်မွမ်းမံမှု၊ ကတ္တရာလမ်းအဆင့်မြှင့်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ဤကဲ့သို့ လွိုင်လင်ခရိုင်တစ်ခုလုံးကို အချိန်တိုကာလအတွင်း ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာအောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသောဒေသများကို အခြားသောဒေသများနည်းတူ မျှတစွာဖွံ့ဖြိုးတိုးတက်စေရမည်။ တိုင်းရင်းသားလူမျိုးများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်မရှိအောင် ဆောင်ရွက်ပေးမည် ဆိုသည့် သဘောထားခံယူချက်ဖြင့် မည်သူ၏တောင်းဆိုမှုမျှ မပါဘဲ စေတနာအရင်းခံဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

စီမံဆောင်ရွက်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အလုပ်ရုံ၊ ကွန်ပျူတာခန်းနှင့် Language Lab တို့၌ ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်ချက်များ စီမံဆောင်ရွက်ပေးသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လွိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၂၀၀)သို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လူနာဆောင်များနှင့် ခွဲစိတ်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လွိုင်လင်မြို့ ဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လွိုင်လင်မြို့ ရတနာစည်တပ်ဦးကျောင်းသို့သွားရောက်၍ ရတနာစည်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒ အမှူးပြုသော ဆရာတော်သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထိုမှတစ်ဆင့် လွိုင်လင်မြို့ ဧည့်ရိပ်သာသို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၁ မှ

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ ညှိနှိုင်း အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် သာသနာရေးဝန်ကြီးဌာနမှဦးအံ့မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးလှတင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်တို့ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ကဏ္ဍအလိုက် စာတမ်းပြုစုရေးအဖွဲ့များက ပြုစုပြီးသော စာတမ်းငယ်များကို သဘာပတိအဖွဲ့ထံ ပေးအပ်ကြသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင်များက စာတမ်းပြုစုရေးအဖွဲ့များ၏ တင်ပြသော စာတမ်းများကို ဖတ်ကြားလေ့လာ ဆွေးနွေးစိစစ်ကြပြီး ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ်၂၀တွင် ရပ်နားလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၈နာရီ မိနစ် ၅၀တွင် ဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းနှင့်ကချင်ပြည်နယ်အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၅ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၄ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၅ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ မြန်မာ့သမိုင်းအဖွဲ့အတွင်းရေးမှူး ဦးထွန်းအောင်ချိန်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ဥပဒေပြုရေးနှင့် အာဏာခွဲဝေမှုဆိုင်ရာ အကြံပြုစာတမ်းများကို ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ရန်ကုန်တက္ကသိုလ် သမိုင်းဌာန တွဲဖက်ပါမောက္ခ ဒေါ်ချိုချိုစွမ်နှင့် ဦးနောက်နှင့်အာရုံကြောခွဲစိတ်ကုဌာနမှူး ပါမောက္ခ ဒေါက်တာစောဆိုင်မွန်သာတို့က တင်သွင်းကြသည်။

ယင်းနောက် မွန်ပြည်သစ်ပါတီ၊ ကချင်ပြည်နယ် အထူးဒေသ(၂)နှင့် ရွှေပြည်အေး(MTA)အလင်းဝင်အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များအဖွဲ့တို့မှ တင်သွင်းမည့် စာတမ်းများကို သဘာပတိထံအပ်နှံကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၁၀နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

အလားတူ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များသည်လည်း မိမိတို့ အစုအဖွဲ့အလိုက် အစည်းအဝေးများ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များအပေါ် စာတမ်းတင်သွင်းရေးအတွက် အိပ်ဆောင်များ၌ ပြည်နယ်နှင့် တိုင်းအလိုက် ညီလာခံကိုယ်စားလှယ်များက စာတမ်းများကို ဆွေးနွေးညှိနှိုင်း ပြုစုလျက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာ့ဆိပ်ကမ်းများလုံခြုံရေးနှင့် အန္တရာယ်ကင်းဝေးရေး မြန်မာ–ဂျပန် ပူးတွဲနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Ministry of Land Infrastructure and Tran sport တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ဆိပ်ကမ်းများလုံခြုံရေးနှင့် အန္တရာယ်ကင်းဝေးရေးဆိုင်ရာ မြန်မာ–ဂျပန် ပူးတွဲနှီးနှောဖလှယ်ပွဲ (Myanmar- Japan Joint Seminar on The Security and Safety in Myanmar Ports) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်းတံတားအစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ဖွင့်ပွဲအခမ်းအနားသို့ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ် မျိုးတင်နှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခွင့်အလမ်း

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ယခုနှီးနှောဖလှယ်ပွဲသည် ရေကြောင်းသွားလာမှု လုံခြုံရေး၊ ခြိမ်းခြောက်ခံရမှုများမှ ကင်းဝေးရေးနှင့် သင်္ဘောသွားလာမှုဆိုင်ရာနှင့် ဆိပ်ကမ်း အဆောက်အအုံလုပ်ငန်းများဆိုင်ရာ မူဝါဒများကို ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ထားသည့်အပြင် ယင်းသို့ခြိမ်းခြောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် သင်တန်းပို့ချလေ့ကျင့်မှုများ၏ လိုအပ်ချက်များကိုလည်း ဆွေးနွေးကြမှာဖြစ်ကြောင်း၊ ယင်းမှာ မိမိတို့အတွက် ရေကြောင်းသွားလာမှု လုံခြုံရေးဆိုင်ရာ ပါဝင်ပတ်သက်မှု ပြဿနာရပ်များကို သိရှိနားလည်ရေးအတွက် အခွင့်အလမ်းထူးတစ်ရပ်ပင် ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ချစ်ကြည်စွာ

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Yuji Miyamot က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ဂျပန်နိုင်ငံ၏ အစဉ်ထာဝရ မိတ်ဆွေကောင်းနိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတော် တည်ဆောက်ရေး ကြိုးပမ်းမှုများတွင် မြန်မာနိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း၊ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား လက်ရှိချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုသည် ဆက်လက်ရှင်သန်ကြီးထွားလာမည်ဟု မျှော်လင့်ကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် နံနက် ၁၀ နာရီတွင် နှီးနှောဖလှယ်ပွဲကို ကျင်းပရာ သဘာပတိအဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းက Preparation for the Port Security Measures in Myanmar စာတမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မန်နေဂျာ ဦးမောင်ကလေးက Preparation for the Port Security Measures at Port of Yangon စာတမ်း၊ စင်ကာပူနိုင်ငံ St Education & Training Pte., Ltd. မှ Mr. Kee Lek Yong က Present Situation of Port Security in Singapore စာတမ်း၊ Japan Ports & Habours Association မှ Executive Director Mr. Takao KAKEI က Port Security Policy and Measures in Japan စာတမ်း၊ Ports & Habours Bureau, MLIT, Japan မှ Deputy-Director of International Affairs Mr. Hironobu ISHIBASHI က Introduction of Port Facility Security Assessment in Japan စာတမ်းနှင့် Overseas Coastal Development Institute, Japan မှ Senior Researcher Mr. Kenji SASA က Introduction of Port Facility Security Plan in Japan စာတမ်းတို့ကို ဖတ်ကြား တင်ပြကြပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် နှီးနှောဖလှယ်ပွဲပိတ်ပွဲ အခမ်းအနားကို ညနေပိုင်းတွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းတက်ရောက်ပြီး နှီးနှောဖလှယ်ပွဲသဘာပတိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

> ### အင်အားနည်း ငလျင်လှုပ်
>
> ရန်ကုန် မေ ၂၅
>
> **၂၀၀၄ ခုနှစ် မေ ၂၄ ရက် မြန်မာစံတော်ချိန် ၈နာရီ ၁၁မိနစ် ၃၄စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်း၏အနောက်မြောက်ဘက် ၁၉၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍အင်အားရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။**
>
> (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် မေ ၂၅

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မေ ၂၄ ရက် ညနေပိုင်းက ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ရန်ကုန်တပ်နယ်ရှိ ဌာနချုပ်များ၊ တပ်၊ စခန်း၊ ရေယာဉ်များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ဗိုလ်လုပွဲပွဲစဉ်များ ယှဉ်ပြိုင်ကြရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်က ပေးအပ်ချီးမြှင့်ပြီး ကျန်ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂၅ ရက်က ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ကျင်းပစဉ်။ (သတင်းစဉ်)

နဝမအကြိမ် ပြည်နယ်နှင့်တိုင်းမီနီဘော်လီဘောပြိုင်ပွဲ မန္တလေးနှင့် တနင်္သာရီ၊ မွန်နှင့်ဧရာဝတီ ဗိုလ်လုပွဲဆင်နွှဲမည်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း(အမျိုးသား၊ အမျိုးသမီး) အသက်(၁၃)နှစ်အောက် မီနီဘော်လီဘောပြိုင်ပွဲများကို မေ ၂၁ မှစ၍ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင်ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် မန္တလေးတိုင်းက စစ်ကိုင်းတိုင်းကို ၂၃မှတ်–၂၅မှတ်၊ ၂၅ မှတ်–၁၉ မှတ်၊ ၁၅ မှတ်–၁၀ မှတ်ဖြင့် နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းက ပဲခူးတိုင်းကိုလည်းကောင်း အသီးသီး အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အကြိုဗိုလ်လုပွဲ

အမျိုးသမီးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် မွန်ပြည်နယ်က ပဲခူးတိုင်းကို ၂၅ မှတ် – ၁၄ မှတ်၊ ၂၅ မှတ် – ၁၁ မှတ် နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းက တနင်္သာရီတိုင်းကို ၂၅ မှတ် – ၉ မှတ်၊ ၂၅ မှတ် – ၅ မှတ် နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားကြသည်။

မေ ၂၆ ရက် (ယနေ့) ပြိုင်ပွဲနားပြီး မေ ၂၇ ရက်တွင် အမျိုးသားဗိုလ်လုပွဲ အဖြစ် မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်း၊ အမျိုးသမီးဗိုလ်လုပွဲအဖြစ် မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မီနီဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ဧရာဝတီတိုင်း အမျိုးသမီးအသင်းနှင့် တနင်္သာရီတိုင်း အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။ (မြန်မာ့အလင်း)

နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်မည့် မြင်းစီးအဖွဲ့နှင့် စစ်တုရင်အဖွဲ့အား ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တွေ့ဆုံမှာကြား

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇွန် ၃ရက်မှ ၆ရက်အထိ မလေးရှားနိုင်ငံ ပီနန်မြို့တွင်ကျင်းပမည့် အမျိုးသားမြင်းစီးပြိုင်ပွဲဝင်မည့် မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင် ဦးကျော်ငြိမ်းပါဝင်ပြီး နည်းပြကစားသမားအပါအဝင် စုစုပေါင်း၁၀ဦးနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဗန်ကောက်အလွတ်တန်း စစ်တုရင်ပြိုင်ပွဲကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင် အုပ်ချုပ်သူအဖြစ် ဒုတိယဌာနမှူး ဦးဌေးအောင်(တိ/ကု)နှင့် သားသတ်ရုံများဌာနနှင့် အားကစားသမား ၉ဦး စုစုပေါင်း ၁၀ဦးတို့အား ယနေ့မွန်းလွဲ ၂နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(သုဝဏ္ဏ)ရှိ ပတ္တမြားခန်းမတွင် တွေ့ဆုံမှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင် ဦးကျော်ငြိမ်းနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်သန်းတို့က ပြိုင်ပွဲနှင့်ပတ်သက်၍ ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သီတဂူဆရာတော်တရားပွဲကျင်းပမည်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓသာသနာပြုအဖွဲ့နှင့် ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို)အဖွဲ့ ဥက္ကဋ္ဌကြီး ဖြစ်သော အဂ္ဂမဟာသီရိသုဓမ္မမဏိ ဇောတရေ အဏ္ဏဝါဦးသန်းအောင် ကိုယ်တိုင် ပဓာနဒါယကအဖြစ် အနီးကပ်ကြီးကြပ်၍ အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ပြီး စစ်ကိုင်းတောင်ရိုး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇအဂ္ဂမဟာ ပဏ္ဍိတ သီတဂူဆရာတော် အရှင် ဒေါက်တာဉာဏိဿရ (D. Litt:) ကိုယ်တိုင် လှူဒါန်းသော စလင်းစိန်ဖူး အစစ်နှင့် တန်ဆာဆင်အပ်သော တောင်တွင်းကြီးမြို့နယ် သံဖြူမဟာ အောင်မြေ (အရှိချင်းကျေးရွာရှိ) တိလောကမှန်ကူသယမ္ဘူ ရာပြည့် စေတီတော် ရွှေထီးတော်မြတ်တင်လှူပွဲ မဟာမင်္ဂလာကို ၁၃၆၆ခုနှစ် နယုန် လပြည့်နေ့ (ဇွန် ၂ရက်)ဗုဒ္ဓဟူးနေ့ နံနက်တွင်ကျင်းပမည်ဖြစ်ရာ ထီးတင်ပွဲ အကြိုအဖြစ် နယုန်လဆန်း ၁၄ရက် (ဇွန် ၁ရက်) အင်္ဂါနေ့ည ၇ နာရီတွင် တောင်တွင်းကြီးမြို့နယ် သဲဖြူမဟာ အောင်မြေ ရာပြည့်ကွင်း၌ စစ်ကိုင်း တောင်ရိုး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇအဂ္ဂမဟာ ပဏ္ဍိတ သီတဂူဆရာတော် အရှင် ဒေါက်တာဉာဏိဿရ (D. Litt:) အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၅၆(သမိုင်း)၊ မြေကွက်အမှတ်(၂၅/က)၊ ဧရိယာ ဝ.ဒသမ၆၄၅ ဧကရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၉ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက် နေအိမ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရံငွေပေးအပ်ခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားများယူဆောင်ကာ ဤကြော်ငြာပါသည့်နေ့မှခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အားပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးအောင်နိုင်
တရားရုံးချုပ်ရှေ့နေ
၁၃၉၊ ၃၄ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ အနော်ရထာလမ်း၊အမှတ် ၁၉၃ နေ ဦးဇော်မိုး(Ever Top)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

BATTERY® TOP

မှတ်ပုံတင်အမှတ်-၂၇၁၁/၂၀၀၄

အထက်၌ ကပ်နှိပ်ဖော်ပြထားသော Top Battery ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားဖြင့် ဘက်ထရီအိုးပုံသဏ္ဌာန်၊ အရွယ်အစားအမျိုးမျိုးကို ကျွန်ုပ်တို့၏မိတ်ဆွေမှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး Top Battery ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားကို တစ်ဦးတည်း မူပိုင်သုံးစွဲနိုင်ရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၂၇၁၁/၂၀၀၄ ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

သို့ပါ၍ Top Battery ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ(သို့မဟုတ်)တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊လူအများမှသော်လည်းကောင်း၊ ကုမ္ပဏီအဖွဲ့အစည်းတစ်ရပ်ရပ်မှလည်းကောင်း ဆင်တူရိုးမှား၊ ထင်ယောင်ထင်မှား၊ ပုံတူပုံမှား၊ သံတူကြောင်းကွဲ တုပပြုလုပ်သုံးစွဲပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးဇော်မြင့်(မြိတ်)B.A.,LL.B၊ ဦးထွန်းသာမောင် LL.B၊သင်းကြူစိုး LL.B., LL.M.

တရားရုံးချုပ်ရှေ့နေများ

အမှတ် ၅၅၊ အခန်း ၂၃ (တ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၂၈၀၄၊ ၇၂၆၀၄၀၊၀၉-၅၀-၀၈၄၄၅။

အဆင့်မြင့်တန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲဆက် သစ်တောရေးရာက လယ်ယာထွက်ကုန်ကို ရှေ့ဂိုးဖြင့်နိုင်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ သစ်တောရေးရာအသင်းက လယ်ယာထွက်ကုန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆင့်မြင့်တန်း၏ သမ္ဘာရင့်ဝါရင့် သစ်တောရေးရာအသင်းက ပထမတန်းမှ တက်ရောက်လာသော မျက်နှာသစ် လယ်ယာထွက်ကုန်အသင်းကို ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း အနိုင်မကစားနိုင်ဘဲ အချိန်ပိုဒုတိယပိုင်း ရောက်မှသာ ရှေ့ဂိုးသွင်းပြီး အနိုင်ရရှိသွားခြင်းဖြစ်သည်။

သစ်တောရေးရာ အသင်းအတွက် ပထမဂိုးကို ဒုတိယပိုင်း ၈ မိနစ်တွင် အောင်ကျော်ထွန်းက သွင်းယူသည်။ လယ်ယာထွက်ကုန်အသင်းအတွက်ချေပဂိုးကို မိနစ် ၈၀ တွင် စထက်နိုင်ဝင်းက သွင်းယူပေးသည်။ သစ်တောရေးရာအသင်းအတွက် ဒုတိယဂိုးကို မိနစ် ၉၀ တွင် ညီညီစိုးက သွင်းယူသည်။ သစ်တောရေးရာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရမည်ဟု ထင်မှတ်နေကြစဉ် လေလွင့်ချိန်များအတွက် အစားဖြည့်ပေးသည့် အချိန်ပို ၂ မိနစ်တွင် လယ်ယာထွက်ကုန်အသင်းအတွက် ဒုတိယချေပဂိုးကို မျိုးလှိုင်ဦးက သွင်းယူနိုင်သဖြင့် အချိန်ပိုသို့ ခရီးဆက်ခဲ့ရသည်။

အချိန်ပိုကစားရာတွင် သစ်တောရေးရာ အသင်းအတွက် မျိုးသူအောင်က ရှေ့ဂိုးသွင်းယူပြီး အနိုင်ရရှိသွားခြင်းဖြစ်သည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို သစ်တောရေးရာအသင်းမှ အောင်ကျော်ထွန်းက ရရှိသည်။ သစ်တောရေးရာအသင်းသည် ကွာတားဖိုင်နယ် တက်ရောက်သွားပြီဖြစ်ရာ ဇွန်၁ရက်တွင် ဆောက်လုပ်ရေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မေ ၂၆ ရက်(ယနေ့)ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ပတ္တမြားနဂါးအသင်းနှင့် လယ်/ဆည်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

လူပျောက်ကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်း ၃လမ်းရှိ အောင်ပန်းကျောင်းတိုက်ဆရာတော်၏ တပည့်ဖြစ်သော အသက် ၁၁နှစ်ရှိ ရှင်ပညာဝံသ(ခ) မောင်ခွန်လသာ(ပအိုဝ်း)သည် ၂-၅-၂၀၀၄ရက်တွင် ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အောင်ပန်းကျောင်းတိုက် ဆရာတော် ဗဟန်း ၃လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဖုန်း-၀၉-၈၀-၃၁၃၁၅၊ ၃၇၁၀၅၂၊ ၂၂၄၆၈၁ တို့သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

FAME Hepa-B®
အဓွေးအသည်းအားဆေး

JOB VANCANCY (For Local Service Only)

We are leading marketing and distribution company and our principal, a reputable pharmaceutical MNC, Operating in Myanmar required, the following personnel.
(For Yangon, Mandalay, Myitkyina, Lashio, Tachileik, Myeik, Sittwe, Pathein)

1. Deputy Marketing Manager (M) (2)Post
(For Yangon/Mandalay)
2. National Sales Manager (M) (2)Post
(For Yangon/Mandalay)
3. Medical Representative (M/F) (10)Post
- Should be B.Pharm/B.Sc(Zoo/Chem/Bot) with at lease 2 years sales experiences.
4. Sales representatives (M/F) (10)Post
- Should have at lease 2 years sales experience of pharmaceuticals products.

Note- All position require Fluency of spoken & written English. If you feel that you meet the requirements, please rush in your CV's Labour Registration Cards within 7 days from this announcement to P.O Box (114), Yangon, Myanmar.

ယခုအပတ် မြန်မာဗီဒီယို ၁၄ ကားဖြန့်ချိ

မောင်ဆွေထွန်း

ရန်ကုန် မေ ၂၃

မေ ၂၄ ရက် တနင်္လာနေ့မှစ၍ မေ ၃၀ ရက်အထိ ဖြန့်ချိမည့် ဗီဒီယိုဇာတ်ကား ၁၄ ကားရှိသည်။ ၎င်းတို့အနက် ပြည့်ဖြိုးမြတ်ဗီဒီယိုမှ ပုဂံသားမောင်ဘမော် ပထမပိုင်း ဒုတိယပိုင်းနှစ်ကားပါဝင်မည်။ ကျော်သူ၊ မင်းမော်ကွန်း၊ ဇင်ဝိုင်းနှင့်ရတနာခင်တို့ပါဝင်၍ ဒီဗီဒီထွက်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒါရိုက်တာ မောင်ပြည့်ဝရိုက်ကူးပြီး ဒွေး၊ နန္ဒာလှိုင်၊ မြတ်ကေသီအောင်၊ အေးဝတ်ရည်သောင်းတို့ပါဝင်သော **ရင်ရိုပ်စစ်စစ်သို့ဇာတ်ကား။** ဒါရိုက်တာမီးပွားရိုက်ကူး၍ ကျော်သူ၊ လူမင်း၊ စိုးမြတ်နန္ဒာတို့ပါဝင်သော **မြွား၏ ဖြောင့်ချက်။** စိန်သံမဏိနှင့်ပေါက်ကျိုင်းရိုက်ကူး၍ ဇာဂနာ၊ ဇေလုဝပါဝင်သော **ကဲဘယ့်နဲ့ ရှိစ။** ဒါရိုက်တာ မြိုင်စစ်သူရိုက်ကူး၍ ထက်ရှား၊ သီရိထက်စံတို့ပါဝင်သော **လက်ခုပ်ထဲကမျက်ရည်။**

ဒါရိုက်တာထက်ပိုင် ရိုက်ကူး၍ ဂျွန်ဂို၊ မျိုးမြင့်အောင်၊ မြသင်းခြယ်ပါဝင်သော **လောင်းရိပ်မီး။** ကျော်ကျော်ထူးရိုက်ကူး၍ ဝမ်ချိုင်းနှင့် ရှမ်းလေးသွေးတို့ ပါဝင်သော **အသည်းကောင်းသူတို့ပွဲ လက်ဖွေ့ဇာတ်ကား။** ဗိုဝမ်းရိုက်ကူး၍ စိုင်းသီဟ၊ ရွှေရည်မိုးဦးပါဝင်သော **ဘယ်ဘက်က စမ်းစမ်း။** ဇာဂနာရိုက်ကူး၍ အရိုင်း၊ ငှက်ပျော်ကြော်၊ ချစ်စနိုးဦးတို့ပါဝင်သော **ဇာတ်သိမ်းခန်းကို ပြန်မပြောနဲ့။** ရဲမင်းပိုင်ရိုက်ကူး၍ ရဲမင်းပိုင်၊ ဝေဇင်ဖြူတို့ပါဝင်သော **ပေတေတေမိုးမောင်လုံးဇာတ်ကား။**

ဗဟိန်းသန်းရိုက်ကူး၍ ကျော်ရှိန်း၊ ကျော်ဇောဟိန်း၊ ရွှေရည်မိုးဦးတို့ပါဝင်သော **မုန်းသူလူမိုက်။** ဒေါနရိုက်ကူး၍ နေထက်လင်း၊ သူထူးစံ၊ မြတ်ကေသီအောင်တို့ ပါဝင်သော **ချစ်ဒေါသ။** အောင်ကျော်ဇောရိုက်ကူး၍ ဇေယျာ၊ ညီညီမင်းထက်၊ ယွန်းနဒီတို့ ပါဝင်သော **မြွေသစ္စာ** ဇာတ်ကားတို့ ဖြန့်ချိမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ဒါရိုက်တာ မီးပွား၏မြွား၏ဖြောင့်ချက်ဇာတ်ကားမှ လူမင်း၏ သရုပ်ဆောင်ဟန်။



မေ၂၈ရက်တွင် ရွှေဂုန်၊ နဝဒေး၊ စံပြ၊ ရွှေမန်း၊ သီတာရုံများ၌ ပြသမည့် ကောင်းခြင်းခုသည်ချိန်ခါ အဆင့်မြင့် ဗီဒီယိုဇာတ်ကားမှ လွင်မိုးနှင့်နန္ဒာလှိုင်။

ရင်ရိုပ်စစ်စစ်ဇာတ်ကားမှ သရုပ်ဆောင် ဒွေး။

ဗီဒီယိုအက်ဥပဒေ ချိုးဖောက်လျှင် အရေးယူမည်

ဗီစီဒီကာရာအိုကေ အချပ်များကို ပရီစနစ်ဖြင့်ရောင်းချသလို၊ အငြိမ့်၊ မျက်လှည့်၊ စင်တင်ကာတွန်း၊ ပြဇာတ်စသည့် ဇာတ်ကားများကိုလည်း ပရီစနစ်နှင့် ဖြန့်ချိလျက်ရှိသည်။

ပရီစနစ်ဆိုသည်မှာ ဗီစီဒီတစ်ချပ်လျှင် ဆင်ဆာတစ်ကတ်စနစ်ဖြစ်သည်။ ဆင်ဆာကတ်အပိုမရောင်း၊ ထပ်မံကူးယူခွင့် မရှိ၍ ဖောက်ဖျက်ကျူးလွန်လျှင်တည်ဆဲရုပ်မြင်သံကြားနှင့် ဗီဒီယိုအက်ဥပဒေအရအရေးယူ သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြေညာထားသည်။ (မြန်မာ့အလင်း)

ခွဲစိတ်ခန်းသုံး ချွဲစုပ်စက်၊ အောက်ဆီဂျင်ဘူးနှင့် ဆေးပဒေသာပင် လှူဒါန်းသူများ ကြို့ပင်ကောက် မြို့နယ်ဆေးရုံ၌ ဂုဏ်ပြု

ကြို့ပင်ကောက် မေ ၂၂

သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ဆေးရုံအတွက် ခွဲစိတ်ခန်းသုံးချွဲစုပ်စက်၊ အောက်ဆီဂျင်ဘူး၊ ဆေးပဒေသာပင် လှူဒါန်းသူများ ဂုဏ်ပြုပွဲကို မေ ၁၇ ရက် နံနက် ၉ နာရီက ဆေးရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမြသောင်းတို့က အမှာစကားပြောကြားကြပြီး အမှတ်(၈၇)သစ်စက်မန်နေဂျာ ဦးမင်းကြည်– ဒေါ်သန်းသန်းအေးမိသားစုက ၂၅၈၅၀၀တန်ဖိုးရှိ ချွဲစုပ်စက်တစ်ခု **(အပေါ်ပုံ)**၊ ရန်ကုန်မြို့ သံလွင်လမ်း ဝင်ဒါမီယာနေ ဒေါက်တာမျိုးသန့်–ဒေါ်ယုဇော်တို့က တန်ဖိုး ၁၅၀၀၀၀ တန် အောက်ဆီဂျင်ဘူး၊ ဆေးတက္ကသိုလ်(၁)ရန်ကုန် နောက်ဆုံးနှစ် အပိုင်း(က)မှ မောင်ကျော်မိုးဟိန်းနှင့်အဖွဲ့က ဆေးပဒေသာပင် ငွေကျပ် နှစ်သောင်းနှင့် ကြို့ပင်ကောက်မြို့ ဆေးဆိုင်ပိုင်ရှင်များက ကျပ်တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ ရုံးသုံးကုလားထိုင် ၂၀တို့ကို လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြသောင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ (ဝ၄ဝ)

အောင်သာယာ–အဖောင်လမ်း မြေသားလမ်းဆောင်ရွက်

ဖျာပုံ မေ ၂၃

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့သည် မေ ၂၀ ရက် နံနက်က ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျောက်ချောခင်းမည့်အောင်သာယာ–အဖောင်လမ်း မြေသားလမ်းလုပ်ငန်းဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အောင်သာယာ – အဖောင်မြေသားလမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးက မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များ ရှင်းလင်းပြောကြားကြောင်း သိရသည်။ (၁၅၈)

ရဲတပ်သားသစ်သင်တန်းဆင်း

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၁၉၀) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၄ရက်က အမှတ်(၂)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊စီမံရေးနှင့်လေ့ကျင့်ရေးဌာန၊ ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် စံပြကျောင်းသား ဆုကို ကသ ၁၉၆ သက်နိုင်စိုး၊ ဥပဒေ ထူးချွန်ဆုကို ကသ ၁၉၀ စိုးသူလွင်၊ ရဲကျင့်ဝတ်ထူးချွန်ဆုကို ကသ ၃ ကျော်စိုးဝင်း၊ စစ်ပညာထူးချွန်ဆုကို ကသ ၁၇၀ မျိုးကျော်ကျော်၊ သေနတ်ပစ်အကောင်းဆုံးဆုကို ကသ ၁၉၁ ကျော်ကျော်ရင်တို့ ရရှိကြပြီး ဆုများကို စီမံရေးနှင့် လေ့ကျင့်ရေးဌာနညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်က ချီးမြှင့်ကြောင်း သိရသည်။ (က–ပ)

ပညာပေးဟောပြောပွဲ ပြင်ဦးလွင်တွင်ကျင်းပ

ပြင်ဦးလွင် မေ ၈

ပြင်ဦးလွင် ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များသည် ဧပြီ ၂၉ ရက်က ပြင်ဦးလွင်မြို့နယ် ပေါက်တောကျေးရွာ၊ လက်ပန်ကုန်းကျေးရွာနှင့် နောင်ဝယ်ကျေးရွာတို့၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံပြီး အမျိုးသမီးရေးရာ လုပ်ငန်းအသိပညာပေး ဟောပြောကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် ခရိုင်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ ကျန်းမာရေးအဖွဲ့အမှုဆောင် ဒေါက်တာနန်းညွှန့်ညွှန့်အေးက ကျန်းမာရေးနှင့် သက်ဆိုင်သော လုပ်ငန်းများအား အသိပညာပေးဟောပြောပြီး ကျေးရွာလူထုအား ဆေးကုသပေးသည်။ မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအမှုဆောင် ဒေါ်သီတာအောင်နှင့် ဒေါ်ကြည်ကြည်တို့က အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းများနှင့် လူမှောင်ခိုကူးနှင့် ကျေးရွာလူထုအတွင်း ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို ပညာပေးဟောပြော ဆွေးနွေးကြသည်။ (၂၈၀)

ယဉ်ကျေးမှုသင်တန်းဖွင့်

သထုံ မေ ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ္ဖျူးတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် အမှတ်(၁)ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ (၂၁)ကြိမ်မြောက် ယဉ်ကျေးမှုစာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ရန်အတွက် ကျောင်းသားကျောင်းသူများကို ယဉ်ကျေးမှုသင်တန်းသင်တန်းမှူး သီလရှင်ဆရာကြီး ဒေါ်သုဓမ္မစာရီက ယဉ်ကျေးမှုစာပေများကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။ (က–ပ)

စိုက်ပျိုးနည်းပညာမြင့်မားရေးပျိုးကြဲပွဲကျင်းပ

မူဆယ် မေ ၁၉

မူဆယ်မြို့နယ် ၂၀၀၄–၂၀၀၅ ခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ကစီမံပြီးမူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပံ့ပိုး၍ စိုက်ပျိုးနည်းပညာအဆင့် မြင့်မားတိုးတက်ရေးအတွက် မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ယူကြီးကြပ်၍ ဖိုင်ကျောင်း ကျေးရွာတောင်သူများက စိုက်ကွင်း ၁၀ ဧကပျိုးကြဲပွဲကို မေ ၁၅ ရက်က ကျင်းပသည်။

အဆိုပါ မိုးစပါးမျိုးစေ့ထုတ်ပျိုးကြဲပွဲကို မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်အောင်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ မြို့နယ်စိုက်/ကြပ်အဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

သာစည်မြို့နယ် မုန်တောကျေးရွာသတ္တမအကြိမ်အလှူရှင်၂လက်မစက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မေ ၈ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏ်ပြုပူဇော်

သံတွဲ မေ ၂၀

ရခိုင်ပြည်နယ်သံတွဲခရိုင်ဂွမြို့နယ် ဆပ်သွားအလယ်ရွာ ပရိယတ္တိ ပါရဂူ စာသင်တိုက် ပဓာန နာယက ဘဒ္ဒန္တ ဂန္ဓမာနန္ဒ နိုင်ငံတော် ဩဝါဒါ စရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက သက်တော်ရှည် ဆရာတော်ဘုရားကြီးအား ထပ်ဆင့်ချီးကျူး ပူဇော်ပွဲ အခမ်းအနားကို မေ ၁၆ ရက် မွန်းလွဲ ၁ နာရီက ဆရာတော်၏ ကျောင်းတိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် ဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။ **(ဓါပုံ)**

ထို့နောက်ဆရာတော်၊ သံဃာတော်များမှ မေတ္တာသုတ်ပရိတ် တရားရွတ်ဖတ်ကြပြီး ဆရာတော်အား ဂုဏ်ပြုပူဇော်သည့် ရတုပိုဒ်စုံကို စောင်းဦးချမ်းအဖွဲ့မှ အဆိုတော် တေးသံရှင် ဒလဝေဝေက သီဆို ဂုဏ်ပြုပူဇော်သည်။ ထို့နောက် ဆရာတော် သံဃာတော်များကိုအလှူရှင်များက လှူဖွယ်ဝတ္ထုအစုစုကို ဆက်ကပ်လှူဒါန်းကြပြီး အနုမော ဒနာတရားနာကြားကြသည်။ **(က–ပ)**

ခရိုင်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ပညာပေးဟောပြော ဂန့်ဂေါမြို့နယ် ပနန်းကျေးရွာအလယ်တန်းကျောင်းတွင်ကျင်းပ

ဂန့်ဂေါ မေ ၁၂

ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူး၍ ပညာပေးဟောပြော ပွဲကို မေ ၇ရက်က ဂန့်ဂေါမြို့နယ် ပနန်းကျေးရွာ အခြေခံပညာအလယ် တန်းကျောင်း၌ ကျင်းပရာ မကွေး တိုင်းအမျိုးသမီးရေးရာအဖွဲ့ အလုပ် အမှုဆောင် ဒေါ်သီတာက အမှာစကား ပြောကြားပြီး**(ယာပုံ)**ခရိုင်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးကြူ၊ ကျန်းမာရေးအဖွဲ့ခေါင်းဆောင်ဒေါ်တင် တင်မူ၊ အကြမ်းဖက်မှုမှ ကာကွယ်ရေး အဖွဲ့ ခေါင်းဆောင် ဒေါ်ဝင်းဆိုင်၊ ပြန်ကြား ဆက်သွယ်ရေး အဖွဲ့ ခေါင်းဆောင် ဒေါ်မြနွဲ့ဝင်း၊ အမျိုးသမီး ငယ်ရွယ် အဖွဲ့ခေါင်းဆောင် ဒေါ်ကေ သီနွယ်၊ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မမကြူ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ကြည်ဝင်း၊ အတွင်းရေးမှူး ဒေါ်နုနုအောင်နှင့် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်လေးရီတို့က အမျိုးသမီး ရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့် လုပ်ငန်း တာဝန် ဝတ္တရားများကို ရှင်းလင်း ဟောပြောကြသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာ အဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာက ဆင်းရဲနွမ်းပါး ရင်သွေးငယ်များ အတွက် ဗလာစာအုပ် ၃၅ ဒါဇင်ကို ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

အလားတူ တိုင်းအမျိုးသမီးရေးရာ အဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာနှင့်အဖွဲ့က ပညာပေးဟောပြောပွဲကို မေ ၇ရက်က မင်းရွာအခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပကြပြီး ဆင်းရဲနွမ်းပါး ရင်သွေးငယ်များ အတွက် ဗလာစာအုပ်များပေးအပ် လှူဒါန်းကြသည်။ **(၂၇၃)**

အမြို့မြို့အနယ်နယ် သတင်းများ

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ထိန်ငူကြီး–မှော်သေး–ကြာအင်းလမ်း မြေသားပြုပြင်ဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းအေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်ဖြူတို့က ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စက်ရေတွင်းဖွင့်ပွဲ ကန့်ဘလူမြို့နယ်၌ကျင်းပ

ကန့်ဘလူ မေ ၂၀

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် နတ်အင်းကျေးရွာ နှစ်လက်မ စက်ရေ တွင်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးတင် ထွန်း၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် ကျေးရွာရေရရှိရေး ကော်မတီ ဦးကျော် ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။ **(ဓါပုံ)**

အဆိုပါ စက်ရေတွင်းမှာ ရေချို၊ ရေသန့် တစ်နာရီဂါလန် ၈၀၀ နှုန်း ထွက်ရှိရာ နတ်အင်းကျေးရွာ အိမ် ထောင်စု ၁၀၀ စုမှ လူဦးရေ ၅၀၀ဦး တို့အတွက် သောက်သုံးရေဖူလုံစွာ ရရှိပြီ ဖြစ်သည်။ ၎င်းစက်ရေတွင်းကို စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေ ကျပ် ၃၇၅၀၀၀နှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၅၀၀၀၀၀ စုစုပေါင်း ကုန်ကျငွေ ကျပ် ၈၇၅၀၀၀ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက် စက်ရေတွင်းပေါင်း ကိုးတွင်းကို ရန်ပုံငွေကျပ် ၇၂၁၈၁၅၀ ဖြင့် တူးဖော်ပေးခဲ့ကြောင်းနှင့် ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး စက်ရေတွင်း များကို ဆက်လက်တူးဖော်ပေးမည် ဖြစ်ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အသံ

၂၇–၅–၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်

(ဦးဥတ္တမသာရဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေး)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)မုန်တိုင်းဗိုလ်ရဲဒင် (တက္ကသိုလ်စိန်တင်) (၂)ရိုတ်စပီးယားပုံပြင်များ (ဒုတိယတွဲ) (မောင်သိန်းလွင်–ပြန်ဆိုသည်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (နုပျိုခြင်းနှင့် အိုမင်းခြင်း–မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးခူဆီပြန်ဟင်းနှင့် စွန်တန်ဟင်းချို)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတရေးရာဖြေကြားလွှာ

၁၉း၁၅ ဇာတ်လမ်း[illegible]နားဆင်စရာ (ဆေးလိပ်ကလေးတစ်တို)

မေ ၉ရက်က မွန်ပြည်နယ် မုတ္တမမြို့အထကတွင် လိုအပ်လျက်ရှိသော သောက်သုံးရေသန့်ရရှိရေးအတွက် ကျောင်းသား ကျောင်းသူဟောင်းများက စုပေါင်းလှူဒါန်းသော စက်ရေတွင်းနှင့် ရေစင်ပြီးစီးမှုကို တွေ့ရစဉ်။ (က–ပ)



ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့ အဝင်လမ်းမကြီး၏ လမ်းဘေးဝဲ/ယာတစ်လျှောက် သန့်ရှင်းသပ်ရပ်လှပရေးအတွက် ဂွေးတောက်ကုန်းကျေးရွာနှင့် ထောက်ကြန့်ကွင်းကျေးရွာအကြားတွင် ပေါင်းမြက်ချုံနွယ်များနှင့် အမှိုက်များရှင်းလင်းခြင်းကို မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ ဝန်ထမ်းများ မေ ၁၅ ရက်က ဆောင်ရွက်ရာ မင်းလှမြို့နယ် စည်ပင် သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသီဟထွန်းက လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မေ ၁၇ရက်က ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေနံချောင်းမြို့နယ် သုံးဆယ့်ခြောက်ကျေးရွာ ကျေးလက်အိမ်ရာ စီမံကိန်း ကျေးလက်အိမ်ရာများ ပြီးစီးမှုကို ရေနံချောင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် လက်ထောက် အင်ဂျင်နီယာ ဦးမျိုးမြင့်ဝင်းတို့က ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
လသာမြို့နယ်၊ ရန်ကုန်မြို့
ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ရန်ကုန်၌ ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ ဆေးဘက်ပညာသည် သိပ္ပံဘွဲ့ B.P.Sc ရရှိပြီး လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်(၂)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်ခွဲနည်းပညာ)	၂–နှစ်
(၂)	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ခန္ဓာသန်စွမ်းမှုနည်းပညာ)	၂–နှစ်
(၃)	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)	၂–နှစ်

၂။ လျှောက်လွှာပိတ်ရက်မှာ ၆–၈–၂၀၀၄ ရက်နေ့ဖြစ်ပါသည်။

၃။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၉–၉–၂၀၀၄ ရက်နေ့ ဖြစ်ပါသည်။

၄။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလိုသူများသည် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာ သိပ္ပံဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ်၂၀၀/–(ကျပ်နှစ်ရာတိတိ)ကို ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD–၀၀၄၄၉၆ သို့ ပေးသွင်းရမည်။

၅။ လျှောက်လွှာတွင်ဖော်ပြပါရှိရမည့် အသေးစိတ်အချက်များကို ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ တိုင်း၊ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန။

မွေးနေ့ဆုတောင်း

အန်တီထွေး ဒေါ်ထွေးရီ၏ ၂၆–၅–၂၀၀၄ ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် ထာဝရပျော်ရွှင်ချမ်းမြေ့ပါစေ။

သမီးအောင်။

ရောင်း/လဲ/ငှားမည်

88 Model (Air Con, MiniBus)

နံပါတ်ပြာ 8A-ရောင်းမည်။

ကားမျိုးစုံငှားမည်။

ဖုန်း–၅၂၄၆၈၆၊ ၀၉–၈၀–၂၄၀၄၄

အမည်ပြောင်း

ကျောက်တန်းမြို့ အထက(၂) သော်ကကျောင်း ပထမတန်းမှ ဦးခင်မောင်လွင်၏သမီး မခင်ကြည်ဖြူလွင်အား ယနေ့မှစ၍ မကြည်စင်သန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မကြည်စင်သန့်။**

အမည်ပြောင်း

အဖ ဦးဘုန်းမြင့်ဇော်၏ သမီး အထက(၃) ဒဂုံမြောက် အဋ္ဌမတန်း(I) မှ မမေသူလွင်အား မမြင့်မိုသီရိသင်းဟု ပြောင်းလဲခေါ်ပါရန်။

မမြင့်မိုသီရိသင်း။

အမည်ပြောင်း

အမှတ် ၄၉ ရွှေဝတ်မှုံ (၂) ရပ်ကွက်နေ အဖ ဦးလှကြိုင်၏သမီး မမူမူခင် ၁၄/ပသရ(နိုင်)၁၀၃၀၂၉ အား မဖြူဇင်မိုးဟု ပြောင်းလဲခေါ်ပါရန်။ **မဖြူဇင်မိုး။**

ကျေးဇူးဆပ်ပါမည်

ကျွန်မ မစန်းဝင်း၏ နိုင်ငံကူးလက်မှတ် အမှတ်–၅၁၇၃၃၃ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း–၀၉–၅၀–၂၀၂၆၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်မင်းသူအောင် ၁၂/ဥကမ(နိုင်)၁၅၆၆၅၇ ကိုင်ဆောင်သူသည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိဘများ သဘောမတူသည့် ကိစ္စရပ်များအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၁၉–၄–၂၀၀၄ ရက်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင်ငြင်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းသိစေအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင်–ဦးမျိုးအောင်၁၂/ဥကမ(နိုင်)၀၄၆၅၂၁

မိခင်–ဒေါ်တင်မွေး ၁၂/ဥကမ(နိုင်)၀၄၆၅၂၀

ကျွန်တော်မကြော်ငြာပါ

အကြောပြင်ပညာဖြင့် မနာကျင်စေဘဲ * ခါးနာ၊ ဒူးနာနှင့် အရိုးကျိုးပေါင်း တက်သူများ (၁၅)မိနစ်အတွင်း သက်သာစေရမည်။ * အကြော ရောဂါမှန်သမျှ ကုသပေးမည်။ * လေဖြတ်မှာ ကြောက်သူများကို ကြိုတင်ကာကွယ် ပေးမည်။

ဦးအေးထွန်း

၅၇၊(၄)လမ်း၊ မာလာမြိုင်၊အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ်–၀၇၈၆၄၅နှင့်သင်္ဘောသားစာအုပ် CDC–၂၃၆၃၃ နှင့်အတူ စာမေးပွဲ အောင်လက်မှတ် (4-Ticket) မူရင်းများ ထည့်ထားသော အိတ်တစ်လုံး ပျောက်သွားပါသဖြင့် တွေ့ရှိပါက ပြန်ပေးပါရန်။

မျိုးခိုင်။

ဖုန်း–၅၂၆၉၆၆

ဦးအောင်မြင့် (A/RGN-၀၀၈၆၀၈)
သိစေရန်

အမှတ် ၅၄၊ ဈေးကြီးလမ်း အိမ်ကိစ္စ ရှင်းလင်းရန် ရှိပါ၍ အမြန်ဆက်သွယ်ပါ။

ခင်မောင်ဦး (S/OA–၀၇၂၆၀၅)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (ဟ/၂၁၅၆) မော်တော်ယာဉ် လက်ဝယ်ရှိသူမှ ကမ–၃ မိတ္တူ လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန (ခရိုင်ရုံး) မြိတ်သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(ခရိုင်ရုံး)

မြိတ်၊ တနင်္သာရီတိုင်း။

(၂)အောင်စပလတ်စတစ်ပုလင်း(အဖုံးပါ)ဝယ်ယူလိုခြင်း

ပစ္စည်းအမျိုးအစား	လိုအပ်ချက်	ပေးသွင်းမည့်နေရာ
၁။ (က) (၂)အောင်စပလတ်စတစ်ပုလင်းအဖုံးပါ Screw Type Cap with Safety Ring, H.D.P.E (Plastic)	၂၀၀၀၀၀၀ခု (ခုရေ နှစ်သန်းတိတိ)	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ
(ခ) (၂)အောင်စပလတ်စတစ်ပုလင်းအဖုံးပါ (Screw Type)	၂၀၀၀၀၀၀ခု (ခုရေ နှစ်သန်းတိတိ)	အဏုဇီဝစိမ်းပြာရေညှိဆေးဝါးလုပ်ငန်း စက်ရုံ ရေခါး၊ စစ်ကိုင်းတိုင်း

တင်ဒါပိတ်ရက်– ၂၈–၅–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂း၀၀နာရီ

မှတ်ချက်။ အသေးစိတ်အကြောင်းအရာများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ ပစ္စည်းစီမံရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံများကိုလည်း ဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်–၆၆၃၄၈၁)

စက်ရုံမှူး

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာမှတ်၊ ၂၁/၂၀၀၄
(၂၀၀၄ ခုနှစ် မေလ ၁၈ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ကြံလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်–

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	အလုပ်ရုံခွဲမှူး	စက်မှုအင်ဂျင်နီယာဘွဲ့ (စက်မှု)	၄ နေရာ
(ခ)	အလုပ်ရုံခွဲမှူး	ဓာတုအင်ဂျင်နီယာဘွဲ့ (ဓာတု)	၆ နေရာ

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၁၅–၆–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) လုပ်ငန်းသဘာဝအရအမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကိုဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၅–၆–၂၀၀၄ နေ့အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေး ငွေ ၅၀ ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၊ ၁/၉၁ဖြင့်ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများ ထားရှိမည်။ မိမိဖြေဆိုသော စာစစ်ဌာနကို လျှောက်လွှာတွင်ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည်မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၅–၆–၂၀၀၄ နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာ တစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၃–၇–၂၀၀၄ နေ့နှင့် ၄–၇–၂၀၀၄ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၁–၇–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတွင် ဖြေဆိုခွင့်ကတ်ပြားများထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

သဲကုန်းမြို့နယ် အောင်ကုန်းရွာ ကျေးရွာဖွံ့ဖြိုးရေးစာကြည့်တိုက်ဖွင့်

သဲကုန်း မေ ၆

ပဲခူးတိုင်း(အနောက်ပိုင်း)သဲကုန်းမြို့နယ် အုပ်ဖိုအုပ်စု အောင်ကုန်းရွာ ကိုယ့်အားကိုယ်ကိုးကျေးရွာဖွံ့ဖြိုးရေးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် အကျိုးဆောင် ဆရာတော် ဦးကုဏ္ဍလ၊ ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆွေနှင့် အုပ်စုဥက္ကဋ္ဌဦးကျော်ဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** ဆရာတော် ဦးကုဏ္ဍလ၊ ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးမြင့်ဆွေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းဝင်းတို့က အမှာစကားပြောကြားကာ အုပ်စုဥက္ကဋ္ဌ ဦးကျော်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ကျေးရွာဖွံ့ဖြိုးရေး စာကြည့်တိုက်ကို ဆရာတော်များနှင့် အလှူရှင်များက ၁၉၃၄၂၃၅ ကျပ် အကုန်အကျခံဆောက်လုပ်ပြီး ဖွင့်လှစ်ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ဧပြီ ၇ ရက်က အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် လမ်းနေပြည်သူများ ပူးပေါင်း၍ အိမ်မဲကြီးရပ်ကွက် ၁၀ လမ်းနှင့် ၁၂ လမ်း ကျောက်ချော ခင်းခြင်းလုပ်ငန်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်ကွင်း ဆင်းစစ်ဆေးဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



မိုင်းဖြတ်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ သောက်ရေသန့် အရောင်းဆိုင်ဖွင့်ပွဲကျင်းပ

မိုင်းဖြတ် မေ ၁၈

မိုင်းဖြတ်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ သောက်ရေသန့်အရောင်းဆိုင်ဖွင့်ပွဲကို မေ ၁၃ ရက်က ပူးပေါင်းစစ်ဆေးရေးဂိတ်ဝင်းအတွင်း ကျင်းပရာ မိုင်းဖြတ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်နွယ်ဦးက သောက်ရေသန့်အရောင်းဆိုင် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်နာယက ဒေါ်ချောစုမျိုးညွန့်နှင့် ခရိုင်ဥက္ကဋ္ဌ ဒေါ်သက်နွယ်ဦးတို့က အရောင်းဆိုင်ခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားတက်ရောက်လာကြသူများက ရေသန့်ဘူးများဝယ်ယူအားပေးကြသည်။ **(ခရိုင်ပြန်/ဆက်)**

အလှူရှင်စက်ရေတွင်းဖွင့်ပွဲ စစ်ကိုင်းမြို့နယ်တွင် ကျင်းပ

စစ်ကိုင်း မေ ၂၇

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အလှူရှင်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကိုမေ ၂၂ ရက်က တင်းတိပ် ကျေးရွာအုပ်စု မကျီးကုန်းကျေးရွာတွင် ပြုလုပ်သည်။

အခမ်းအနားတွင် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုက စက်ရေတွင်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အဆိုပါ စက်ရေတွင်းကို အလှူရှင် ဗိုလ်မှူးကြီးလှအောင်နှင့်ဇနီး ဒေါ်စန်းစန်းမြင့်၊ သမီးဆုမြတ်အောင်တို့က အလှူငွေကျပ် ၂၅၀၀၀၀ နှင့် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျပ် ၃၀၀၀၀၀ ဖြင့် ဆောင်ရွက်ကြရာ အဆိုပါ နှစ်လက်မ စက်ရေတွင်းမှာ တစ်နာရီလျှင် ရေထွက်ဂါလန် ၁၂၀၀ ထွက်ရှိသည်။ **(က–ပ)**

ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများတူးဖော်ရှင်းလင်း

ကျိုက်လတ် မေ ၁၅

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေး စီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက်နှင့် ၁၂ရက်များတွင် အမှတ်(၃) ရပ်ကွက် ၇ လမ်း၊ မြို့မဈေးကြီးရှေ့ရှိ ပင်မရေနုတ်မြောင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ အမှိုက်များ ဆယ်ယူခြင်း၊ နုန်းများ ဆယ်တင်ခြင်း၊ ရေမြောင်းအတွင်း မီးသတ်ပိုက်ဖြင့် ရှင်းလင်းဆေးကြောခြင်းများ ဆောင်ရွက်ကြသည်။

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ဝန်ထမ်းများဖြင့် နေ့စဉ် ပင်မရေမြောင်းများ တူးဖော်ရှင်းလင်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

၂၀၀၄ ခုနှစ် ရွှေတိဂုံစေတီတော်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ရန်ဖိတ်ခေါ်ခြင်း

ရွှေတိဂုံစေတီတော်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တို့ပူးပေါင်း၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများအား မျက်မှောက်ကာလတွင် ဖူးမြော်ကြည်ညိုရသည့် မြင်ကွင်းစုံတို့ကို ဓာတ်ပုံပညာဖြင့် မှတ်တမ်းပြုနိုင်ရန် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အောက်ပါအတိုင်း ကဏ္ဍများခွဲခြား ကျင်းပသွားမည်ဖြစ်ပါသည်။

ကြည်ညိုဖွယ်အဖုံဖုံ မြတ်ရွှေတိဂုံကဏ္ဍ –	ရွှေတိဂုံစေတီတော်မြတ်ကြီးကို မိမိတို့နှစ်သက်ရာရှုထောင့်အမျိုးမျိုးမှ ရိုက်ကူးထားသည့် ဓာတ်ပုံများ။
ရွှေတိဂုံဝန်းကျင် ရှုလေလျှင်ကဏ္ဍ –	စေတီတော်ဝတ္တကမြေအတွင်းရှိ စေတီပုထိုး၊ ရုပ်ပွားဆင်းတု၊ တန်ဆောင်း ဇရပ်၊ စောင်းတန်း၊ ရေတွင်းရေကန်၊သစ်ပင်ပန်းမန်အစရှိသော သာသနိကအဆောက်အအုံ ဝတ္ထုပစ္စည်းများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။
မြတ်ရွှေတိဂုံ ကုသိုလ်စုံကဏ္ဍ –	စေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲတော်များ၊ ရဟန်းခံရှင်ပြု အလှူပွဲများ၊ ဝတ်ရွတ်၊ ဆွမ်းတော်ကပ်၊ တံမြက်လှဲ၊ ရောင်တော်ဖွင့်စသည့် ဘာသာရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။
ရိုက်ကူးကာလနှင့် ဓာတ်ပုံအရွယ်အစား–	၁-၁-၂၀၀၃ ရက်မှ ၁၅-၉-၂၀၀၄ ရက်အတွင်း ရိုက်ကူးသည့် ၁၂လက်မ x ၁၈ လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ။
ပေးပို့ရမည့်ဓာတ်ပုံအရေအတွက် –	အရေအတွက်အကန့်အသတ်မရှိ။
ဓာတ်ပုံနောက်ဆုံးပေးပို့ရမည့်အချိန် –	၁၅-၉-၂၀၀၄ ရက်၊ ညနေ ၄ နာရီ။
ဆုချီးမြှင့်ခြင်း(တစ်ကဏ္ဍချင်းအတွက်) –	ပထမဆု ကျပ် ၃၀၀၀၀၀
–	ဒုတိယဆု ကျပ် ၂၀၀၀၀၀
–	တတိယဆု ကျပ် ၁၀၀၀၀၀
–	နှစ်သိမ့်ဆု ငါးဆု ကျပ် ၅၀၀၀၀ စီ
ဓာတ်ပုံပေးပို့ရန်နှင့် ဆက်သွယ်စုံစမ်းရန် –	ဂေါပကအဖွဲ့ရုံး၊ ရွှေတိဂုံစေတီတော် ဖုန်း-၂၅၁၈၅၁ မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ်(၂၇-၂၉)၊ ၃၅ လမ်း(အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၃၁၆၇

မင်္ဂလာဆုမွန်

ဗိုလ်ကြီး **ရဲရင့်အောင်**နှင့် **မခင်ချိုချိုတင့်** တို့ရဲ့ ၂၆-၅-၂၀၀၄ ရက်နေ့တွင် ကျရောက်သော နှစ်နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင်အောင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဖြင့် ပြည့်စုံပြီး ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

မောင်လေး၊ ညီမလေး။

Invitation to Tender

Sealed bids are invited under International Competitive Bidding Procedures the supply of CIF Basis for establishing A 50 tpd Sulphuric Acid (as min 98 % H_2SO_4) Plant Project to be built in Sittoung,Mon State,Myanmar.

Tender documents are available at the office of the Planning Department,Myanma Paper and Chemical Industries of the Ministry of Industry (1), 16(B) Thukhawaddy Road, Yankin Township, Yangon commencing on (1-6-2004),on payment of Ks 20000-per set.

Tenders will be accepted only from Tenderer who has purchased Tender Documents officially.

Managing Director
Myanma Paper and Chemical Industries

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၄၈၆၀၀ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(တောင်ငူ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁က/၃၉၇၉ မော်တော်ယာဉ် လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ထားလာပါ သဖြင့်ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာထည့်သည့်နေ့မှစ၍ ၁၅ ရက်အတွင်း ကညန၊ (မြစ်ကြီးနား)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊(မြစ်ကြီးနား)ကချင်ပြည်နယ်။

PC Workshop
660174 ,720301

No. 8, No. 10. 12 (4 mm Ø, 3.25 mm Ø, 2.5 mm Ø)

E-mail Address: mfwmin @ myanmar.com.mm

ဝမ်းနည်းကြေကွဲခြင်း

Dr. ဦးလှအောင်–Dr. ဒေါ်ခင်လေးတင့်နှင့် သားသား၊ မီးမီးလေးတို့ ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ကိုသူရိန်–မီးမီး တို့နှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အန်တီ၊ ဇယန္တ၊ နန္ဒာ၊ သော်တာ။

ဝမ်းနည်းကြေကွဲခြင်း

Dr.ဦးလှအောင်–Dr.ဒေါ်ခင်လေးတင့်တို့ ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ဝမ်းနည်းကြေကွဲရပါသည်။

ဆေးသုတေသန(အထက်မြန်မာပြည်)
တည်ဆောက်ရေးစီမံကိန်းမန်နေဂျာနှင့်ဝန်ထမ်းများ၊ ပြင်ဦးလွင်။

ဦးညီညီကျော်(ခ)ဦးညီညီကျော်လတ်(ခ)ညီညီ
(စီးပွားရေး)
B.Ecom (Eco)၊ စာရေးဆရာ၊ ဒါရိုက်တာ၊ အယ်ဒီတာ
ရုပ်ရှင်မဂ္ဂဇင်း၊ ရုပ်ရှင်သတင်းစဉ်ဂျာနယ်၊
မက်သဒစ်ကျောင်းသားဟောင်း
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၈(စီ)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်နေ သွေးသောက်မဂ္ဂဇင်း ဦးပြည့်စုံ-(ဒေါ်ခင်လတ်)တို့၏သားငယ်၊ ဦးကျော်ထွန်းတင်-ဒေါ်ခင်မမကျော်၊ ဦးကိုကိုကျော်-ဒေါ်နန်းခင်သီတာစိုးတို့၏ညီ/မောင်၊ မောင်ဆည်းဆာဟိန်း၊ (မောင်စည်သာဟိန်း)၊ မောင်ဒေဝါဟိန်း၊ မခင်ရတနာသဲတို့၏ဦးလေးသည် ၂၅-၅-၂၀၀၄ရက် နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။ လေထန်ကုန်းမှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရင်ရင်မူ B.A (Geog:)
ကျောင်းအုပ်၊ အမက၊ ချောင်းစောက် (ကျောက်တန်းမြို့)
ရန်ကုန်တက္ကသိုလ် ပြေးခုန်ပစ်လက်ရွေးစင်ဟောင်း
ဖောင်ကြီး ဆရာ/ဆရာမ မွန်းမံသင်တန်းအပတ်စဉ်(၅၀) (C°-၂၃၃)
(အထက-၄၊ အလုံကျောင်းသူဟောင်း)
အသက်(၄၃)နှစ်

ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၁)၊ တိုက်အမှတ် ၁၀၉၊ အခန်း ၂ နေ ဦးမောင်မောင် (အင်ဂျင်နီယာဌာန၊ ကပရ)၏ဇနီး၊ ဦးကျော်လှိုင်(ဧရာဝတီ၊ ငြိမ်း)-ဒေါ်မေတို့၏သမီးကြီး၊ (ဦးဟန်-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ မောင်နေရဲနိုင်(တတိယတန်း၊ အလက-၂၊ သုဝဏ္ဏ)၏မိခင်၊ မမြင့်မြင့်ကြည် (လုပ်အားရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏ အစ်မသည် ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၉း၄၅ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာဒေါက်ကလပ်ဒေါ်ဆင်(ခ)
ဒေါက်တာဘိုဘို
(မြို့နယ်ကျန်းမာရေးအရာရှိ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မော်ဘီမြို့နယ်)
အသက်(၅၃)နှစ်

ဦးဒေါ်ဆင်-ဒေါ်စီစီလျားတို့၏သား၊ U Cyril၊ Daw Jone၊ Daw Jean၊ Daw Mary၊ ဒေါ်စီစီလျား၊ U Bertram၊ U Benji၊ U James တို့၏ညီ/အစ်ကို၊ ရန်ကုန်-ပြည်လမ်း အခြေစိုက်စခန်း၊ ကုလားကုန်းကျေးရွာအနီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဝန်း၊ ၃၇/၁ မိုင်နေ ဒေါက်တာလှလှဝင်း (Julie)၏ခင်ပွန်း၊ Br. Paulinus မြတ်ကြိုင်၊ မောင်သန်းတိုး-မမြတ်မာလာ(မော်နီ)၊ မခိုင်ခိုင်သင်း(မာရီ)၊ မောင်သက်ထွန်းအားဂူ (ဂရေဂေါ်ရီ)၊ မောင်မြတ်ကိုလင်း(အန်ထော်နီ)၊ မောင်ကြည်ချစ်ကို(ဖိလစ်)၊ မောင်ခင်ကျော်ငြိမ်း(ချာလီ)တို့၏ဖခင်၊ Francis ၏အဘိုးသည် ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် မော်ဘီမြို့ ရွှေနုလုံးတော်ကက်သလစ်ဘုရားရှိခိုးကျောင်းတွင်ဝတ်ပြုဆုတောင်းပြီးသဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမ
ဒေါ်ကြည်ကြည်ဝင်း(ခ)
ဒေါ်သေးသေး
B.Sc (Zool)
အသက်(၅၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၈ လမ်း၊ အမှတ် ၁၈ (မြေညီထပ်)နေ (ဦးချောင်ဟင်း) - ဒေါ်ကျင်နုတို့၏ တတိယသမီး၊ ဒေါ်ရှုဟုန်-ဦးအောင်ရဲထွင့်၊ ဦးသန့်ဇင်-ဒေါ်အေးအေးတို့၏ညီမ၊ ဒေါ်တင်အေး-ဦးကျော်ဖေ၊ ဦးဘိုကြီး-ဒေါ်စန်းကြည်တို့၏ အစ်မသည် ၂၅-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မမလေး
(မဲတီးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၉၆၃ နေ (ဦးတိုင်-ဒေါ်ရွှေအပ်)တို့၏ သမီး၊ ဦးထွန်းတင်(C.D.C-2824)၏ ဇနီး၊ ဦးသိန်းထွန်း(နဝရတ်ဆေးကုခန်း)-ဒေါ်မြင့်မြင့်(အထက-၄၊ သာကေတ)၊ ဦးအောင်စည်(သ/မဦးစီ၊ ငြိမ်း)-ဒေါ်အုန်းကြည်(အမက-၄၊ တ/ဥက္ကလာပ)၊ ဦးခင်မောင်လွင်(ကပရ)-ဒေါ်လှနုကြည်၊ ဦးသာဂဒိုး (မြန်မာ့ရေနံ၊ သာကြီးတောင်)-ဒေါ်တင်တင်မြင့်(အလပြ၊ငြိမ်း၊ မြန်အောင်မြို့)၊ ဦးသောင်းစိန်-ဒေါ်ချိုချိုဝင်း(အလက-၆၊ မ/ဥက္ကလာပ)၊ ဒေါ်ခင်ခင်အေး(မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၂)တို့၏မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွားသည် ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၂း၀၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဲအုပ်ကျော်ဆွေ
လ-၇၂၆၅၈
(ဒုရဲအုပ်လောင်းသင်တန်း၊အမှတ်စဉ်-၁၂)
(မှုခင်းတပ်ဖွဲ့၊ အင်းစိန်)
အသက်(၅၃)နှစ်

ရေဦးမြို့၊ အောင်မင်္ဂလာရပ်နေ (ဦးသန်းမောင်-ဒေါ်မလေး)တို့၏သား၊ ကလေးမြို့နေ(ဦးအောင်ချစ်-ဒေါ်မြစိန်)တို့၏သားသမက်၊ ဒေါ်နုနုရီ၏မောင်၊ ဦးထွန်းသိန်း-ဒေါ်မာမာရီ၊ မသောင်းကြွယ်၊ မစန်းယဉ်၊ ဒုရဲမှူးမောင်မောင်မြင့်-ဒေါ်မြင့်ကြည်တို့၏အစ်ကို၊ မောင်ဇာနည်ရဲဆွေ (ဒုတိယနှစ်၊ စီးပွားရေး)၊ မောင်အက်စတာရဲဆွေ (တတိယနှစ်၊ ရုက္ခဗေဒ)၊ မမေငြိမ်းအေး(ဒုတိယနှစ်၊ သင်္ချာ)တို့၏ဖခင်၊ ဒေါ်ခင်နု၏ခင်ပွန်းသည် ၂၅-၅-၂၀၀၄ရက် ညနေ ၄း၅၅ နာရီတွင် အင်းစိန်မြို့နယ် မှုခင်းတပ်ဖွဲ့ (ပင်မဝင်း)၊ ၂ လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်း EMPA (2nd - batch)မှ ဒေါ်ခင်ဝင်းဝင်းစိုး၏မိခင် ဒေါ်ခင်မြမီသည် ၁၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ပါမောက္ခချုပ်၊ ဌာနမှူး၊ ဆရာ ဆရာမများ သင်တန်းသား သင်တန်းသူများ။**

ဝမ်းနည်းကြေကွဲခြင်း

မော်လမြိုင်မြို့ ကျူလိန်တောင်ဘုရားကျောင်း စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ စေဟိုလူငယ်ဥက္ကဋ္ဌ ဦးစိန်ဟော်၏ဇနီး ဒေါ်ကင်ဝှက် (၇၈)နှစ်သည် ၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

ကျူလိန်တောင်ဘုရားကျောင်း
စောင့်ရှောက်ရေးအဖွဲ့
မောင်လမြိုင်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ဦးဇော်ဝင်း (အောင်ချမ်းသာ ပဲမျိုးစုံနှင့်ဆီမျိုးစုံရောင်းဝယ်ရေး)
အသက်(၄၉)နှစ်

ရန်ကုန်မြို့နေ ဒေါ်ဥမ္မာလွင်(ခ)မမီး၏ခင်ပွန်းဖြစ်သူ ဦးဇော်ဝင်းသည် ၂၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ကိုကျော်စိုးလှိုင်(ဗန္ဓုလပွဲရုံ)မြင်းခြံ။**

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းထွေး(ခ)တွာကိုး (လားရှိုး)
အသက်(၄၆)နှစ်

လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းဖြစ်သူ ဦးသိန်းထွေးသည် ၁၉-၅-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ရန်ကုန်မှမိတ်ဆွေသူငယ်ချင်းများ။**

ဒေါ်လေးကြည်
ဟင်္သာတ(ခြောက်ရွာ)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ တိုက် ၂၄၂၊ အခန်း ၁ နေ (ဦးဖိုးစိန်-ဒေါ်စန်းညွန့်)တို့၏သမီးကြီး၊ (ဦးမြင့်သိန်း၊ စက်မှု-၁၊ ငြိမ်း)၏ဇနီး၊ ဦးချစ်ထွန်း၊ (ဦးသိန်းလှိုင်)၊ ဒေါ်သန်းဆင့်၊ ဦးတင်အေး၊ ဒေါ်တင်ရီတို့၏ အစ်မကြီး၊ ဦးအောင်ကျော်ဇော-ဒေါ်ကေသီခိုင်(ဒုဦးစီးမှူးထွေ/အုပ်)၊ မခင်မော်မော်သိန်း၊ မခင်အိအိသိန်း၊ ကိုရဲနိုင်စိုး-မခင်နီလာသိန်း၊ ကိုစောလှဖြူ-မသင်းပပသိန်းတို့၏မိခင်၊မြေးငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၅-၂၀၀၄ ရက် နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းရင်(ခ)ချူလျင်း
(ရွှေလောင်းမြို့)
အသက်(၇၃)နှစ်

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းမြို့၊ ကမ်းနားလမ်း၊ အမှတ် ၄၄၄ နေ ဦးအမိုင်၏ဇနီး၊ ကိုသိန်းဇော်၊ မခင်မြမြ၊ ကိုမောင်မောင်မြင့်-မစုကျင်၊ ကိုအယုံး-မခင်ဌေးဌေး၊ ကိုအောင်ဝင်း-မနီနီခိုင်၊ ကိုထွန်းထွန်းလေး-မနီနီဝင်း၊ မမျိုးမျိုးခိုင်၊ ကိုညီညီလေး-မလီလီတို့၏ မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၂၄-၅-၂၀၀၄ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရွှေလောင်းမြို့တရုတ်သုသာန်သို့ပို့ဆောင် ဂူသွင်းမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခွဲ/တပ်ကြပ်ကြီး
ခင်မောင်သိန်း (ငြိမ်း)
(နတ်မြစ်)
အသက်(၆၁)နှစ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ရွာသစ်ရွာနေ (ဦးအောင်စိန်လှ-ဒေါ်အလုံ)တို့၏သား၊ ခြံပြင်ကျေးရွာနေ ဦးဖိုးစိန်ဦး-ဒေါ်မကျော့လှတို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ လေးထောင့်ကန် စိုက်/မွေး(၁) စစ်မှုထမ်းဟောင်း တန်ဖိုးနည်းအိမ်ရာ၊ အမှတ် ၅၄နေ ဒေါ်လှစောခိုင်၏ခင်ပွန်း၊ မောင်မင်းသိန်းကျော်၊ မောင်ကျော်ကျော်စိုး၊ မအေးအေးအောင်တို့၏ဖခင်၊ ဒေါ်သိန်းနု၊ မောင်သိန်းလှ(အကောက်ခွန်)၊ လှမောင်သာ၊ လှသိန်းမောင်(အကောက်ခွန်)၊ ဦးစောထွန်းအောင်-ဒေါ်လှစောဖြူ၊ အရာခံဗိုလ် ထွန်းဝင်း-ဒေါ်လှစောမြ၊ ဦးစောထွန်းမောင်တို့၏ အစ်ကိုသည် ၂၅-၅-၂၀၀၄ရက် နံနက် ၉း၃၅ နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (စံပြဆေးရုံကြီးမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်အေးငွေ (ပေါင်းတလည်)
အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ် မြို့ပတ် ၁ လမ်း၊ ငြိမ်းချမ်းအေးနဂါးရုံဘုရားအနီး၊ အရာရှိအိမ်ထောင်သည်လိုင်း၊အိမ်အမှတ် ၁၄၅နေ(ဦးအောင်ဒင်)၏ဇနီး၊ (ဦးကျော်သောင်း၊ ကုန်သွယ်/လယ်ယာ၊ တိုင်း/ဂျာ၊ ဝယ်ရောင်း၊ ပဲခူးတိုင်း)-ဒေါ်ခင်သိန်း၊ ဦးလှမြင့် (ငြိမ်း၊ အုပ်ခွဲတပ်ကြပ်ကြီး-ရေ)-ဒေါ်မြင့်မြင့်၊ ဗိုလ်ကြီးမေအောင် - ဒေါ်မြင့်မြင့်အေး (ကထိက၊ ဌာနမှူး၊ ဓာတုဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ ဒုတိယဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း)-ဒေါ်စန်းစန်းအေး(ငြိမ်း၊ လ/ထ ကထိက၊ သင်္ချာဌာန)၊ ဦးဇော်ဝင်းမောင်-ဒေါ်မြင့်မြင့်သန်း(ကြယ်ငါးပွင့်ပွဲရုံ၊ ပေါင်းတလည်)၊ ဦးဝင်းဇော်[Diethelm & Co., Ltd. (CG)]၊ ဒေါ်သင်းသင်းကြိုင်တို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏ အဘွားသည် ၂၄-၅-၂၀၀၄ရက် နံနက် ၄း၀၅ နာရီတွင် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ) တရားနာဆောင်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ဝင်း (မုံရွာ)
မော်ကွန်းဝင်(ပထမဆင့်)
အသက်(၈၃)နှစ်

တောင်တွင်းကြီးမြို့၊ အုန်းတောရပ်နေ (ဦးဖြိုး-ဒေါ်ရှန်ပို)တို့၏သား၊ တောင်တွင်းကြီးမြို့ (ဒေါ်ခင်အုန်း)၏ခင်ပွန်း၊ မုံရွာမြို့၊ မြဝတီရပ်ကွက်နေ (ဦးလှဘော်)၊ ဒေါ်တင်လှဲဝင်းတို့၏ဖခင်၊ မစိုးစိုးသူ၊ မောင်အောင်စိုးမိုး-မတိုးတိုးအောင်တို့၏ အဘိုးသည် ၂၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၀၄ရက်တွင် မုံရွာမြို့ မြနန္ဒာသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျစ်ရစ်သူမိသားစု။

ဦးစိုးနိုင်
အသက်(၄၃)နှစ်

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်နေ ဦးမှန်ကြီး-(ဒေါ်ညွန့်စိန်)တို့၏သားငယ်၊ (ဦးမြသန်း)-ဒေါ်စန်းမြင့်တို့၏ သားသမက်၊ ဦးစိုးတင့်-ဒေါ်ခင်ရဲညွန့်၊ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်ချို၊ ဒေါ်လှလှမြင့်၊ ဦးမြင့်ကျော်-ဒေါ်လှလှတင့်တို့၏ ညီ/မောင်၊ ကိုအောင်သန်းဦး၊ ကိုဝေလွင်သန်း၊ မောင်မြင့်စိုး-မအိအိဖြိုးတို့၏ အစ်ကို၊ ရွှေပြည်သာမြို့၊ ၂၀၄(က)၊ (၆/၁၂)ရပ်ကွက်၊ မဲခေါင်လမ်းနေ ဒေါ်သီတာသန်း(လ/ထ ကထိက၊ ရုက္ခဗေဒဌာန၊ ဆေး-၁၊ ရန်ကုန်)၏ခင်ပွန်းသည် ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၂း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင် (သနပ်ပြင်)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၇၊ ခွန်နီလမ်း၊ (၂၉)ရပ်ကွက်လုံးချင်း၊သုဝဏ္ဏနေ(ဦးချစ်ဖူး-ဒေါ်ငွေမှိန်)တို့၏သမီး၊ (ဦးတင်ဦး)၏ဇနီး၊(ဦးဘကျော်-ဒေါ်သိန်း)၊ (ဦးဘ-ဒေါ်သိန်းမြင့်)၊(ဦးကျော်လှိုင်-ဒေါ်သန်း)၊ (ဦးကျော်ရင်-ဒေါ်တင်)တို့၏ညီမ၊ ဦးစိုးကြည်-ဒေါ်စန်းစန်းဦး၊ ဦးမြကြူ၊ ဦးအောင်မြ-ဒေါ်မိမိစိန်၊ ဒေါ်စုစုလွင်တို့၏မိခင်၊ ကိုဖြိုးဇင်ဦး-မခင်မြတ်လင်း၊ မဇင်မော်လွင်၊ ကိုကျော်လွင်ဦး၊ မောင်အောင်နိုင်ထွန်းတို့၏ အဘွားသည် အထက်ပါနေအိမ်၌ ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြဝင်း(ခ)ဒေါ်မြဝင်း
(မအူပင်)
အသက်(၆၈)နှစ်

မအူပင်မြို့နေ တာဝန်ထောက် (ဦးသိန်းဖေ-ဒေါ်ခင်မေ)တို့၏မြေး၊ စိုက်ပျိုးရေးဝန်(ဦးသိန်းအောင်-ဒေါ်ခင်သိန်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ (၅၄)ရပ်ကွက်၊ ဖွဲ့ကပင် ၂ လမ်း၊ ၆၁၄/က နေ (ဦးတင်အောင်-ဗဟိုကြေးနန်းရုံး၊ ငြိမ်း)၏ဇနီး၊ ဦးမောင်မောင်(ဘောလုံးအဖွဲ့ချုပ်)-ဒေါ်နီနီ၊ ဦးရဲအောင်-ဒေါ်ခင်ညွန့်(စိုက်/ဘဏ်)တို့၏ အစ်မကြီး၊ ဦးခင်ဇော်၊ ဦးအေးလွင်၊ ဦးအေးချို(ဗဟိုကြေးနန်း)၊ ဦးကျော်ဇင်အေး (Eagle Eye Co, Ltd.)-ဒေါ်မီမီအောင်(မွေးစားနို့)၊ ဗိုလ်မှူးရဲလွင်(တပ်ရင်းမှူး)-ဒေါ်လှိုင်ဖြူဖြူမိုး၊ ဦးဝင်းဇော်မျိုး(အမက-၁၈၊တ/ဥ)-ဒေါ်ခင်သီတာအောင်၊ ဦးရဲဝင်း(၅၄၊ ဖွဲ့မာန်ဟုန်၊ သ/မ)-ဒေါ်သီတာထွန်းတို့၏မိခင်၊မြေး ခုနစ်ယောက်တို့၏အဘွားသည် ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၀၄ရက် (ကြာသာပတေးနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ဒဂုံကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ကျောင်း ဒါယိကာမကြီး
ဒေါ်ကြင်ရှိန်(ခ)ဒေါ်ရှိန်လေး
(အိမ်မဲမြို့)
အသက်(၅၇)နှစ်

ဧရာဝတီတိုင်း၊ အိမ်မဲမြို့နေ (ဦးမြသန်း-ဒေါ်ကြင်အေး)တို့၏သမီး၊ ဦးဌေးဝင်း၏ဇနီး၊ အိမ်မဲမြို့နေ ဦးခင်ကြည်၊ ဒေါ်သင်းကြည်တို့၏ညီမ၊ မကျော့လင်းသူဇာ၊ မကျော့လင်းစန္ဒာတို့၏ မိခင်၊ မရှိန်းမြသော်၊ မောင်ဖိုးလပြည့်တို့၏ အဘွား၊ ရန်ကုန်မြို့ စံပြ ဖဆပလ ရပ်ကွက်၊ တိုက်အမှတ် ၅၇၊ အခန်း ၁၈ နေ ဒေါ်ကြင်စိန်(ခ)ဒေါ်ရှိန်လေး သည် ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးထင်ပေါ်
(လက်ထောက်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေး၊ဘားအံမြို့)
အသက်(၅၅)နှစ်

ကျိုက်ထိုမြို့နယ်၊ ကျိုက္ကသာကျေးရွာနေ (ဦးမောင်ကြီး-ဒေါ်ကလီဇာ)တို့၏ သား၊ ကျိုက်ထိုမြို့၊ ကန့်ကော်ရပ်နေ (ဦးအေးသွင်-ဒေါ်လှကြည်)တို့၏ သားသမက်၊ ဘားအံမြို့၊ ဆေးရုံဝင်းနေ ဒေါ်တင်ဝင်းကြည်(အထက-၁၊ ဘားအံမြို့)၏ခင်ပွန်း၊ သထုံမြို့နေ ဦးစိန်ခို၊ ဒေါ်နွဲ့နွဲ့ရီတို့၏မောင်၊ ဦးကျော်အေး-ဒေါ်မြင့်မြင့်ဝင်းတို့၏အစ်ကို၊ မဝေဖြာလင်း(ဆသရ အိပ်ချိန်၊ ဘားအံမြို့)၊ မဖြူပြာလင်း(B.Tech Civil)၊ မောင်ထင်သော်ကောင်း(ဒုနှစ်၊ဆေးတက္ကသိုလ်၊ မကွေး)တို့၏ဖခင်သည် ၂၄-၅-၂၀၀၄ ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ဘားအံမြို့ စက်ပစ်ကွင်းသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဇာဂရ မဟာထေရ်မြတ်
သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မဟာသုခိတာလမ်း၊ မူလယိုးဒယားကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တ ဒေဝဦးသဒ္ဓမ္မ ကိတ္တိရာကျော် ဆရာတော်ကြီး၏သားတပည့် ဘဒ္ဒန္တ ဇာဂရ မဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ် နယုန်လဆန်း ၃ ရက် (၂၁-၅-၂၀၀၄ရက်) သောကြာနေ့ ညနေ ၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၃၆၆ခုနှစ် နယုန်လဆန်း ၉ ရက် (၂၇-၅-၂၀၀၄ရက်) ကြာသပတေးနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်မီးသဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ (အထက်ပါကျောင်းတိုက်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ဈာပနကော်မတီ။

ဦးအုန်းကြိုင်(ခ)ဦးအောင်မိုး(ခ)မိုးမြင့်ဦး
(အလေးမ) (ရုပ်ရှင်သရုပ်ဆောင်) (စာရေးဆရာ)
အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ပါမောက္ခ ဦးဘညွန့်)-ဒေါ်အုန်းခင်တို့၏သား၊ ဦးတင်ဝင်း-ဒေါ်တင်တင်ဦး၊ (ဦးဝင်းညွန့်-ရုပ်ရှင်သရုပ်ဆောင်)၊ (ဦးဝင်းဦး-ရုပ်ရှင်သရုပ်ဆောင်)တို့၏ညီ၊ (တက္ကသိုလ်ကြည်ရွှင်-ရုပ်ရှင်သရုပ်ဆောင်)-ဒေါ်ကြူကြူသင်း၊ ဗိုလ်ကြီးစိုးညွန့်(ငြိမ်း)-ဒေါ်ယုဇနဝင်း၊ ဦးအေးညွန့်-ဒေါ်ဝင်းကြည်၊ ဦးသန်းကျော်-ဒေါ်အေးမိစံ၊ ဒေါ်မာလာညွန့်(အာမခံ)တို့၏အစ်ကို၊ အမှတ် ၁၂၄၊ ပဒုမ္မာ ၁ လမ်း၊(၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်မေမြင့်ရီ (ရုပ်ရှင်သရုပ်ဆောင်)၏ခင်ပွန်းသည် ၂၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အမေညွန့် (ပျဉ်းမနား)
အသက်(၉၂)နှစ်

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ၄ လမ်း၊ အမှတ် ၆၇၈၊ ဣန္ဒာသယမြနန်းနေ အမေညွန့်သည် ၂၅-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ပျဉ်းမနားမြို့ မြို့မ သုသာန်၌သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းဟန် (မော်ဘီမြို့)
အသက်(၆၉)နှစ်

မော်ဘီမြို့နေ စက်ဆရာကြီး(ဦးဘသန်း-ဒေါ်အေးညွန့်)တို့၏သမီး၊ဦးအုန်းကြိုင်-(ဒေါ်ဘီအေးကြိုင်)တို့၏ ညီမ၊ ဦးတူး-ဒေါ်ငွေ၊ (ဦးမြသွင်)-ဒေါ်သန်းကြည်တို့၏အစ်မ၊ အင်းစိန်မြို့၊ဘိုခြံနေ ဦးချစ်သဏ်-ဒေါ်ခင်မာဆွေ၊ မော်ဘီမြို့၊ ဘုရားကြီးလမ်းနေ ဦးခင်မောင်ဝင်း-ဒေါ်ခင်ခင်သက်၊ အရာခံဗိုလ်စောအာမုန်(အင်းတိုင်) - ဒေါ်နန်းကေသီခိုင်၊ (ဦးကျော်စိုးဟန်) - ဒေါ်ခင်မိုးမိုးညွန့် (လဝက)တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွား၊ ဗိုလ်ကြီးဘဟန်(ငြိမ်း)၏ဇနီးသည် ၂၅-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးကုန်းသုသာန်သို့ပို့ဆောင် သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမောင်ထွေး
(ဂါဒီယန်သတင်းစာတိုက်)
အသက်(၅၉)နှစ်

မြောင်းမြမြို့နေ (ဦးမောင်ညွန့်-ဒေါ်သိန်းမေ)တို့၏သား၊ အမှတ် ၁၁၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်နေ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ ကိုခိုင်ငြိမ်း-မအေးအေးခိုင်၊ မအိအိခင် (မြန်မာ့အလင်း သတင်းစာတိုက်)တို့၏ဖခင်၊ မအိခိုင်ဖြိုး၏အဘိုးသည် ၂၅-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုကျင်သိန်း (ဂျိမ်း)
(မြောင်းမြ)
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် ၅၁၆ နေ (ဦးသိန်းအောင်၊ တိုင်းတရားသူကြီး၊ ငြိမ်း)-ဒေါ်ကြင်ပွားတို့၏သား၊ ဦးကျော်သိန်း(ခ)ဦးရဲထွင့်-ဒေါ်တင်တင်ခိုင်၊ ဒေါက်တာလှရှိန်၊ ဒေါ်မေဇီအောင်(ဦးစီးအရာရှိ၊ ကုမ္ပဏီအခွန်ရုံး)၊ဒေါ်သောဇီအောင်-ဒေါက်တာထွန်းထွန်း (ကလေးအထူးကု၊ မအူပင်ဆေးရုံကြီး)၊ ဦးသိန်းတင်(ပုလဲ-ငါး၊ ငြိမ်း)-(ဒေါ်အေးအေးတိုး)တို့၏ ညီ/မောင်၊ ဦးအေးမြင့်-ဒေါ်စန်း(တရားရေးဝန်ထမ်း၊ အဆင့်-၄၊ ခန္တီးမြို့နယ်တရားရုံး)တို့၏ အစ်ကို၊ မောင်စိုးဇေယျာထွန်း(ခ)ဂျူနီယာဂျိမ်း(အထက-၁၊မြောင်းမြ)၏ဖခင်သည် ၂၄-၅-၂၀၀၄ရက် နံနက် ၇း၁၅ နာရီတွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အုံးရင်
ဘားအံမြို့(နောင်တုတ်ရွာ)
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ် ၂၃ နေ (ဦးပန်းရောင်-ဒေါ်နန်းအိန္ဒ)တို့၏သမီး၊ ဦးကျော်ဝင်း၏ ဇနီး၊ ဦးဝင်းကျော်-ဒေါ်ခင်ခင်စော၊ ဦးမြကြည်-(ဒေါ်မြင့်မြင့်မော်)၊ (ဗိုလ်သိန်းကျော်)၊ အမှတ် ၂၁၄၊ ဘုရားလမ်း၊ အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့နေ ဦးဘိုနီ(ခ)ဦးမျိုးသန့်-ဒေါ်မင်းမင်းထွန်း (ခ)မချောတို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် အထက်ပါနေအိမ်၌ ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့)ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးရဲနိုင်(ခ)ဦးသောင်း
ကြီးကြပ်ရေးမှူး(ငြိမ်း)
(နေပြည်တော်ရုပ်ရှင်ရုံ)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အမှတ် ၂၂၁ နေ (ဦးမြ-ဒေါ်အေး)တို့၏သားကြီး၊ ဦးသိန်းထိုက်(ဒုညွှန်ကြားရေးမှူး၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှု-၂)-ဒေါ်လှလှ(အလပြ၊ ငြိမ်း၊ ထ-၄၊ ဒဂုံမြောက်)တို့၏အစ်ကိုကြီး၊ (မစပယ်မြ)၊ မောင်ဗိုလ်မင်းနိုင်(New World Printing House)-မသဇင်အေး(Prosperous Freight Service Ltd,)တို့၏ ဘကြီးသည် ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၃း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအောင်ကြိုင်
(စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ မြို့တော်စည်ပင်)
အသက်(၃၉)နှစ်

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊ဖော့ကန်ရပ်ကွက်၊ အထက်မင်္ဂလာလမ်း၊ အမှတ် ၁၆၂ နေ ဦးကောင်းမြင့်(ဒု-ကြီးကြပ်ရေးမှူး၊ မြို့တော်စည်ပင်၊ ငြိမ်း)-ဒေါ်တင်လှိုင်တို့၏ သားကြီး၊ ကိုမျိုးနိုင်(P.M.G Co., Ltd.)-မဖြူသေးတို့၏ မောင်၊ မမိုးမိုး၊ ကိုသိန်းစိုး(ရွှေမိုးပြည့်စုံ အထည်ချုပ်)-မအေးအေးမော်၊ ကိုမြင့်ခိုင် (Assistant Engineer Asia World Co., Ltd.)၊ မခိုင်ခိုင်မြင့် (Accountant Stylish Enterprise Co., Ltd.)၊ မခိုင်စပယ်မြင့် (Euro World Co., Ltd.)တို့၏ အစ်ကိုကြီးသည် ၂၄-၅-၂၀၀၄ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

ယနေ့ထုတ်စောင်ရေ
၂၀၀၆၀၉

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ သဘာပတိ ညီလာခံကိုယ်စားလှယ် ဦးတင်လှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မေ ၂၅ ရက်က အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ (၃/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို ညောင်နှစ်ပင်စခန်းရှိ လုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ လေးဖွဲ့ အစည်းအဝေးကျင်းပ စာတမ်းပြုစုရေးအဖွဲ့ များ၏စာတမ်းများ ဖတ်ကြား လေ့လာဆွေးနွေးညှိနှိုင်း

ရန်ကုန် မေ ၂၅

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့်အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဥက္ကာပျံတစ်ခု၏အစိတ်အပိုင်း

အမေရိကန်ပြည်ထောင်စု ဟူစတန်ပြည်နယ်ရှိ ဂျွန်ဆင် အာကာသယာဉ်စခန်းတွင် ပြသထားသော ဥက္ကာပျံတစ်ခု၏ အပိုင်းအစတစ်ခုကို တွေ့ရစဉ်။ **(အောက်ပုံ)**

အဆိုပါ ဥက္ကာပျံအပိုင်းအစသည် အင်္ဂါဂြိုဟ် သို့မဟုတ် လတို့မှ ပဲ့ထွက်လာသော အပိုင်းအစတစ်ခုဖြစ်ပြီး ၎င်းဥက္ကာပျံအပိုင်းအစကို လေ့လာခြင်းဖြင့် နေ စကြဝဠာနှင့် ကမ္ဘာဂြိုဟ်တို့၏ ဖြစ်ပေါ်ဖွဲ့စည်းမှု၊ သက်ရှိ သတ္တဝါတို့၏ စတင်ဖြစ်ပေါ်မှု အ နေ အ ထား ကို သိပ္ပံပညာရှင်များ လေ့လာနိုင်မည်ဖြစ်သည်။ **(အေပီ)**



ကမ္ဘာကြီးပူနွေးလာမှု ရေခဲမြစ်များအရည်ပျော်နိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယန်နန်ရှိ ကျောက်စိမ်းနဂါးနှင်းတောင်အနီး ရေခဲမြစ်တစ်ခုကိုတွေ့ရစဉ်။**(အပေါ်ပုံ)**

တစ်ကမ္ဘာလုံး ပူနွေးလာမှုကြောင့် တရုတ်နိုင်ငံရှိ ရေခဲမြစ် သုံးပုံနှစ်ပုံခန့်မှာ ယခု ရာစုနှစ်အလယ်တွင် အရည်ပျော်မှု ဖြစ်ပွားနိုင်ခြင်းကြောင့် အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့ရနိုင်ကြောင်း တရုတ်နိုင်ငံ၏ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

(အေအက်ဖ်ပီ)

လက်တွဲဝန်းရံ
အမျိုးသားညီလာခံ

အစိုးရနည်းပညာကောလိပ်(ပင်လုံ)

မေ ၂၄ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသခံကျောင်းသူကျောင်းသားများ အဆင့်မြင့်နည်းပညာများ သင်ကြားနိုင်ရေးအတွက် တည်ဆောက်ထားသော လွိုင်လင်မြို့ အစိုးရနည်းပညာကောလိပ်(ပင်လုံ)အဆောက်အအုံကို တွေ့ရစဉ်။

(သတင်း-ရှေ့ဖုံး)(သတင်းစဉ်)